# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၅၄)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၁၁-၅-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

# မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသော်လည်း အနည်းငယ်သောနိုင်ငံများက မြန်မာအစိုးရအပေါ် ကန့်သတ်မှုများ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများ ဆက်လက်ပြုလုပ်ရန် ကြိုးပမ်းနေ

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်သည် ၎င်းတို့၏ လွတ်လပ်သော ဆန္ဒသဘောထားများဖြင့် ဆန္ဒမဲပေးခဲ့ကြပြီး၊ ပြည်သူများက ရွေးချယ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထိုစဉ်အာဏာရအစိုးရက မဲမသမာမှုများကို ဆိုးရွားစွာ ပြုလုပ်ခဲ့ကြပြီး အဆိုပါရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း နိုင်ငံရေးပါတီများနှင့် ပြည်သူများက တောင်းဆိုမှုအရ စိစစ်စုံစမ်းခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ ၂ သန်းကျော်အနက် မဲမသမာမှု ၁၁ ဒသမ ၃ သန်းကျော် ပေါ်ပေါက်ခဲ့ကြောင်း သိသာထင်ရှားစွာ စိစစ်တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ မသမာသောနည်းလမ်းများအသုံးပြု၍ အာဏာရယူလိုသည့် တာဝန်ရှိသူများတွင် အဂတိအမှုနှင့် အခြားသော ပြစ်မှုတို့ကို ကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့်

စာမျက်နှာ ၃ သို့

## ယနေ့ ဖတ်စရာ အညွှန်း


ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၈)(ဆောင်းပါး)

စာမျက်နှာ ၆

နာတာရှည် ကျောက်ကပ်ရောဂါသည်များအတွက် စမ်းသပ်ဆဲ ဆေးဝါးသစ်တစ်မျိုး ထွက်ပေါ်လာ

စာမျက်နှာ ၇



တူရကီစူပါလိဂ် ချန်ပီယံဆုကို ဂါလာတာစာရေးအသင်း ဆွတ်ခူး

စာမျက်နှာ ၁၁

စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားနိုင်ရေး တွေ့ဆုံရှင်းလင်းပွဲ ကျင်းပ

စာမျက်နှာ ၁၅




အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲ ကျင်းပစဉ်။

# ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲ ကျင်းပ

ညောင်ရွှေ မေ ၁၀

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း မြက်ခင်းပြင်၌ ကျင်းပသည်။

စာမျက်နှာ ၃ သို့

# မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်

နေပြည်တော် မေ ၁၀

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မိုး/ဇလ

# လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၀

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ဘဝတိုးတက်ရေးအတွက် လူတိုင်းပညာသင်ကြားရမည်

ပညာ၏ တန်ဖိုးမှာ များပြားသည်။ ပညာဖြင့် အရာရာကို ပိုင်းခြားဆင်ခြင် အလင်းဆောင်နိုင်သည်။ ပညာမတတ်လျှင် အကန်းနှင့်တူသည်၊ စာတတ်ပြီး စာမဖတ်လျှင် ပြတင်းပေါက်ရှိလျက် မဖွင့်သော အိမ်နှင့်တူသည်ဟု စာပေပညာရှင်များက ဆိုထားပါသည်။

နေ့စဉ်နှင့်အမျှ ပညာတိုးပွားရန်မှာ စာဖတ်ခြင်းက အလွယ်ကူဆုံးနည်းလမ်းဖြစ်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဒေသနှ၊ ကိုယ်ပိုင်စာပေရှိသော မြန်မာတို့အဖို့ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာအတွေးအခေါ် မြင့်မားရေး၊ ဗဟုသုတပြည့်စုံကြွယ်ဝရေးတို့အတွက် စာတတ်သူတိုင်း စာဖတ်ကြရန် ရေးကပင်တိုက်တွန်းခဲ့ကြသည်။ နိုင်ငံသားများအတွင်း စာဖတ်သည့်ယဉ်ကျေးမှုထွန်းကားလာရေး၊ အရွယ်အလိုက် စာဖတ်ကြရေးအတွက် အစိုးရအဆက်ဆက်တို့က တိုက်တွန်းအားပေးလျက်ရှိသည်။

ပညာကို ငယ်စဉ်ကတည်းက ကြိုးစားသင်ကြားပြီး ပညာတတ်ပြီးလျှင်လည်း စာဖတ်ခြင်းဖြင့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားအောင် ကြိုးစားအားထုတ်သင့်သည်။ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် နိုင်ငံသားများ စာတတ်အောင်၊ ပညာတတ်အောင် ကြိုးစားအားထုတ်နေကြသည်။

စာဖတ်ခြင်းဝါသနာသည် ငယ်ဘဝက စတင်ခြင်းဖြစ်သည်။ ကလေးဘဝတွင် မိဘနှစ်ဦးလုံးဖြစ်စေ၊ တစ်ဦးဦးဖြစ်စေ သို့မဟုတ် မိသားစုဝင်တစ်ဦးဦးဖြစ်စေ စာဖတ်သန်သူဖြစ်ပြီး စာအုပ်အမျိုးမျိုးနှင့် ထိတွေ့ရင်းနှီးနေပါက ထိုကလေးစာဖတ်တတ်သည့်အရွယ်တွင် စာဖတ်သူဖြစ်လာသည်။ စာအုပ်တွင် ပါရှိသည့် ရုပ်ပုံများ၊ အကြောင်းအရာများကို သိချင်စိတ်ဖြင့် ဖတ်ရှုရာမှ တစ်စတစ်စနှင့် သိလိုစိတ်တို့ ပိုမိုကျယ်ပြန့်လာပြီး စာပေကိုလည်း ပို၍ ကျယ်ပြန့်စွာ ဖတ်ရှုလာသည်။ အသက်အရွယ်တူချင်း နှိုင်းယှဉ်လျှင် စာဖတ်သူက အသိပညာဗဟုသုတ ပိုမိုကြွယ်ဝသူ၊ ပိုမို၍ နားလည်ချက်ချာသူ၊ ပိုမို၍ စဉ်းစားဆင်ခြင်တတ်သူဖြစ်လာသည်။

ထို့ပြင် အရွယ်ရောက်စအချိန်တွင် အသက်အရွယ်အလိုက် အသိပညာတိုးပွားစေမည့်ပညာတို့ကို လေ့လာသင်ယူကြရသည်။ လူလားမြောက်သောအရွယ်တွင် အသိပညာ၊ အတတ်ပညာ၊ တီထွင်ကြံဆ၊ ဆင်ခြင်တုံတရားများ မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ကြရသည်။ ပြီးလျှင် မိမိအကျိုး၊ တိုင်းပြည်အကျိုး တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ကြသည်။

၎င်းသည်မှာ လူတို့ဘဝအဆင့်ဆင့် တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ရသည့် အားလုံးအနာဂတ်အတွက် ဦးတည်ဆောင်ရွက်ချက်ဖြစ်သည်။ လူဖြစ်လာလျှင် မလွဲမသွေလုပ်ဆောင်ရမည့် ဘဝတိုးတက်ရေး လုပ်ငန်းစဉ်ဖြစ်သည်။ လူဖြစ်လာလျှင် ဘဝတိုးတက်ရေးအတွက် လူတိုင်း လူတိုင်း ပညာသင်ကြားကြရသည်။

ပညာသည် ဘဝမြင့်မားရေးအတွက်သာမက တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်ထင်ဟပ်စေသည့် အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် ဘဝတိုးတက်ရေးအတွက် လူတိုင်း လူတိုင်းပညာသင်ကြားရမည်ဖြစ်ပြီး ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့်နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်များကို သင်ကြားပေးသည့်နေရာမျိုးဖြစ်ရန် လိုအပ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် နေ့စဉ်ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ မေ ၉ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ်၊ နပွလင်ကျေးရွာသို့ သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက နပွလင်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် ရေဂါလန် ၃၂၀၀ အား အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက မြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ရှင်(၂၁၂)ပါးအား ရှင်သာမဏေအဖြစ် သွတ်သွင်းပွဲ ကျင်းပ



**မန္တလေး မေ ၁၀**

မန္တလေးမြို့၊ မြို့ပတ်လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားနေ တောင်သူကြီး ဦးမျိုးသန့်+ဒေါ်အိအိမွန်၊ သမီးအမြွာရတနာ မမျိုးပိုပိုချစ်၊ မမျိုးပိုပိုနှစ်(မျိုးမြန်မာမျိုးစပါးဖြန့်ချိရေးနှင့် ဘက်စုံစိုက်ပျိုးရေး)မိသားစု၏ ကံထပ်ရဟန်းခံအပါး ၂၀၊ ဒုလ္လဘရဟန်းခံ ခုနစ်ပါး၊ ရှင် (၂၁၂)ပါးအား ရှင်သာမဏေအဖြစ် သွတ်သွင်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီမှ ၁၂ နာရီအထိ ကျင်းပရာ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ၁၂လမ်းထောင့်၊ ဒေါနဘွားရပ်ကွက်၊ ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဋိလနှင့် ပင့်သံဃာအပါး ၃၀ ကြွရောက်တော်မူကြသည်။ **(အပေါ်ယာပုံ)**

အစီအစဉ်အရ အလှူ့ဒါယကာ ဦးမျိုးသန့်+အလှူ့ဒါယိကာမ ဒေါ်အိအိမွန်မိသားစုနှင့် ရှင်(၂၁၂)ပါးတို့က ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ကံထပ်ရဟန်း အပါး ၂၀၊ ဒုလ္လဘရဟန်းခံ ခုနစ်ပါးတို့အား သိမ်ဆင်းလောင်းလှူကြသည်။ ထို့နောက် ရှင်(၂၁၂)ပါးတို့အား ရှစ်ပါး ပရိက္ခရာ စုံလင်စွာဖြင့် ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှောက်၍ ရေစက်ချတရားနာယူကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လောင်းလှူကြကြောင်း သိရသည်။ **(ဝ၉၁)**

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏ ။**

## မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပဏာမလက်ရွေးစင် ဘော်လီဘောအားကစားသမားများ ရွေးချယ်လေ့ကျင့်

**မန္တလေး မေ ၁၀**

၂၀၂၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး အသက် ၂၅ နှစ် အောက် ဘော်လီဘောပြိုင်ပွဲဝင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပဏာမလက်ရွေးစင်ဘော်လီဘော အားကစားသမားများကို ယနေ့မှ စတင်ရွေးချယ်၍ အား/ကာသိပ္ပံကျောင်းရှိ လေ့ကျင့်ရေးကွင်းနှင့် ၁၄လမ်းရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တို့တွင် စခန်းသွင်း လေ့ကျင့်မည်ဖြစ်ကြောင်း တိုင်းအောင်နိုင်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေ(အား/ကာသိပ္ပံ) ထံမှ သိရသည်။

အဆိုပါအမျိုးသားပဏာမလက်ရွေးစင်တွင် အောင်မြေသာစံခရိုင်မှ ဟန်မင်းသန့်၊ စောဦးဝေ၊ ပြည့်စုံအောင်၊ ကျောက်ဆည်ခရိုင်မှ မျိုးသန့်တင်၊ ချစ်ဖူးဝေ၊ အောင်မြတ်ဖြိုးနှင့် ဇာနီထွန်း၊ မိတ္ထီလာခရိုင်မှ ရှိုင်းကို၊ တရုတ်ကြီး၊ မြတ်လင်းမောင်၊ နေမျိုးအောင်၊ အဖွဲ့ချုပ်မှ ဉာဏ်ဝဏ္ဏထွန်း၊ သက်နောင်ဇော်၊ ညီညီဇော်နှင့် ရဲလင်းအောင်၊ သပိတ်ကျင်းခရိုင်မှ ဇာနည်ကို၊ နိုင်လင်းအောင်၊ ဉာဏ်မင်းဦး၊ ပြင်ဦးလွင်ခရိုင်မှ တင်ထူးပိုင်၊ တင်ဇော်လတ်တို့ကို အဖွဲ့ခေါင်းဆောင် ဦးဇော်ဦး (ဘဏ္ဍာရေးမှူး) အုပ်ချုပ်သူ မိတ္ထီလာခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်၊ နည်းပြချုပ်အဖြစ် ဦးဝင်းထွန်းဦး (မိတ္ထီလာ)နှင့် လက်ထောက်နည်းပြ ဇော်မျိုး(ကျောက်ဆည်)တို့ လိုက်ပါဆောင်ရွက်ကြမည်ဖြစ်ကာ အလားတူ အမျိုးသမီး ပဏာမလက်ရွေးစင်များတွင်လည်း မိတ္ထီလာခရိုင်မှ ကြည်ကြည်ထွေး၊ ရွှန်းလဲ့ဝေ၊ မိုးမိုးအိ၊ အိအိလင်းနှင့် ထက်အိဝေ၊ တံတားဦးခရိုင်မှ ကုဋေမျိုးနိုင်၊ မဟာအောင်မြေခရိုင်မှ သင်းသင်းမြတ်၊ ကျောက်ဆည်ခရိုင်မှ မသဉ္ဇာခိုင်နှင့် မချွေးချွေးဦး၊ ပြင်ဦးလွင်ခရိုင်မှ ဝေါအာဝူးနှင့် ချမ်းမြေ့ငြိမ်း၊ အောင်မြေသာစံခရိုင်မှ သွယ်သွယ်ထွေး၊ ဧပရယ်မေ၊ လှဲ့လှဲ့ဝင်း၊ ချောစုလှိုင်နှင့် သူဇာဝင်းတို့ကို အုပ်ချုပ်သူအဖြစ် ဒေါ်မြင့်စန္ဒာဝင်း(ကျောက်ဆည်)၊ နည်းပြချုပ်-ပို့/ဆက်မှ ဦးဝင်းမင်းထွန်းနှင့် လက်ထောက်နည်းပြ ရဲစည်သူ (အောင်မြေသာစံ) တို့က မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းတာဝန်ယူကြပြီး သတ်မှတ်အားကစားကွင်းတို့တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အဓိကပံ့ပိုးမှုဖြင့် စခန်းသွင်းလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❒ ရှေ့ဖုံးမှ

တရားဥပဒေနှင့်အညီ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအသစ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ကျင်းပခဲ့ရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အနည်းငယ်သောနိုင်ငံများက မြန်မာအစိုးရအပေါ် ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများကို ဆက်လက်ပြုလုပ်ရန် ကြိုးပမ်းနေပြီး၊ အာဆီယံပဋိညာဉ်စာတမ်း အခန်း(၁)၊ အပိုဒ်(၂)ပါ အခြေခံမူများကို ဖောက်ဖျက်၍ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဝေဖန်ပြောဆိုခြင်း၊ ဖိအားပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံ၏ လုပ်ငန်းစဉ်များကို အာဆီယံတူညီဆန္ဒများနှင့်အညီ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တာဝန်ယူမှုရှိသော အဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ၏ယန္တရားများနှင့် လှုပ်ရှားမှုများအတွက် နှစ်စဉ်ထည့်ဝင်ငွေများ ပေးဆောင်ခြင်းအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ တာဝန်ဝတ္တရားများကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းက အာဆီယံနိုင်ငံအချို့၏ သဘောထားဖြင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် စိတ်ရှည်သည်းခံ၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်အစိုးရအသစ်လက်ထက်တွင် ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းနေမှုများသည် ဒီမိုကရေစီနည်းလမ်းတကျ မဲပေးခဲ့သည့် မြန်မာပြည်သူများ၏ ဆန္ဒသဘောထားများကို လျစ်လျူရှုရာရောက်ပါသည်။

အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် တူညီဆန္ဒမရရှိသေးလင့်ကစား မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံကူညီပေးခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေအပေါ်မူတည်၍ မိမိနိုင်ငံနှင့် ကိုက်ညီသည့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်



◌ ၂၀၂၆ ခုနှစ်မှ

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဒသမတန်း ဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူ လူရည်ချွန်မောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်နှင့် တာဝန်ရှိသူများအား Crystal Trophy နှင့် တိုင်းရင်းသားရိုးရာဝတ်စုံ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် လူရည်ချွန်မောင်မယ်များ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လည်းကောင်း၊ ကချင်ပြည်နယ် လူရည်ချွန်မောင်မယ်များက ဂျိန်းဖောအက၊ ရှမ်းပြည်နယ်မှ လူရည်ချွန်မောင်မယ်များက ၂၀၁၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် သီချင်းပြိုင်ပွဲ ပထမဆုရသီချင်းတို့ဖြင့် လည်းကောင်း ကပြဖျော်ဖြေကာ ဒေသခံအဆိုတော်များက တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)နှင့် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်း မီးပုံပွဲအခမ်းအနား ကျင်းပ

ပုသိမ် မေ ၁၀

၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)နှင့် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်းမီးပုံပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက အဆိုပါစခန်းများတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်း ဌာနချုပ်မှ တာဝန်ရှိသူနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ လူရည်ချွန် မောင်/မယ်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)၌ အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်) စခန်းအောင်ပွဲသို့တက်ရောက်ပြီး အမှာစကားပြောကြားကာ လူရည်ချွန်မောင်မယ်များနှင့် ညစာအတူတကွ သုံးဆောင်ကြသည်။

### ပါဝင်ဆင်နွှဲ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ်းခြေမီးပုံပွဲအား မီးညှိဖွင့်လှစ်ပေးပြီး လူရည်ချွန်မောင်မယ်များနှင့် အတူ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ဝါ စိုက်ပျိုးတောင်သူများအား ကွင်းဆင်းသရုပ်ပြပွဲ ကျင်းပ

မြစ်သား မေ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် ယနေ့ နံနက် ၈ နာရီက စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ နွေသီးနှံ(စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ဝါ)စိုက်ပျိုးတောင်သူများအား လက်တွေ့ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ကြီးကြပ်၍ စိုက်ပျိုးရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေသီးနှံ(စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ဝါ)စိုက်ခင်းများအတွက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနည်းစနစ်များမှန်ကန်စေရေး၊ နွေသီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်စေရေး၊ သီးနှံဖျက်ပိုးမွှားများ ကျရောက်မှုကင်းရှင်းစေရေး၊ မြေဩဇာနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲတတ်စေရေး၊ အရည်အသွေးကောင်း သီးနှံများထွက်ရှိရေးတို့အတွက် စိုက်ပျိုးမှုနည်းစနစ်များကို ဒေသခံတောင်သူများအား လက်တွေ့ကွင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့်လူရည်ချွန်နှင့် ကောဒသမတန်း လူရည်ချွန်မောင်မယ်များ ပန်းတနော်မြို့ရှိ Global Earth ကုမ္ပဏီ လေ့လာ၊ ရန်ကုန်မြို့စုရပ်သို့ ပြန်လည်ထွက်ခွာ

ပုသိမ် မေ ၁၀

၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့်(ချောင်းသာ)စခန်းနှင့် ကောဒသမတန်း(ငွေဆောင်)စခန်းတို့မှ လူရည်ချွန်မောင်မယ်များသည် လေ့လာရေးခရီးစဉ်ပြီးဆုံးသဖြင့် အပြန်ခရီးစဉ်တွင် မအူပင်ခရိုင် ပန်းတနော်မြို့နယ်အတွင်းရှိ Global Earth Agro & Aqua Industry Public Company Limited သို့ဝင်ရောက်၍ ငါးနှင့်ပတ်သက်သော စားသောက်ကုန်ပစ္စည်းထုတ်လုပ်ခြင်း နည်းပညာများ၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးသားဖောက်လုပ်ငန်းတို့ကို ကြည့်ရှုလေ့လာကြပြီး ရန်ကုန်မြို့စုရပ်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(မန္တလေး) ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့ နံနက်ပိုင်းတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး ပုံနှိပ်စက်ရုံ(မန္တလေး)မှ ရိုက်နှိပ်ထုတ်ဝေသည့် စာအုပ်များ၊ Orient-I,II ပတ်လည်စက်၊ ရွက်ထိုးစက်၊ ကုန်ကြမ်းသိုလှောင်ထားမှု၊ ကော်ကပ်စက်၊ Gathering & Stitchig ချုပ်စက်၊ ဓားစက်များ၊ Katana(Image Setter)စက်၊ ပုံကူးစက်နှင့် ပုံဖော်စက်များ၏ ကြံ့ခိုင်မှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်း၊ အရည်အသွေး ပြည့်မီကောင်းမွန်ရေး၊ အထူးသဖြင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များကို လက်ဆင့်ကမ်းအသုံးပြုနိုင်ရန်အထိ ပုံနှိပ်ထုတ်ဝေသွားရန်နှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက အနုပညာဗဟိုဌာန တည်ဆောက်မှု၊ ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ရန်ပုံငွေရရှိမှုအခြေအနေကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(မန္တလေး)အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအား အပိုင်း(၃)ပိုင်းခွဲ၍ ဆောင်ရွက်နေမှုနှင့် အပိုင်း(၁)တွင် ပါဝင်သည့် လုပ်ငန်းများပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တရုတ်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် ကွန်တိန်နာ Prefabricated House များ ရောက်ရှိမှုနှင့် ငလျင်ဒဏ်သင့် ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ပို့ဆောင်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးတို့သည် ယမန်နေ့ ညနေ ၄ နာရီက နေပြည်တော် ကောင်စီနယ်မြေရှိ ငလျင်ဒဏ်သင့် ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ကွန်တိန်နာ Prefabricated House များ တင်ဆောင်လာသော ကုန်ရထား နေပြည်တော် ရွာတော်ဘူတာသို့ ရောက်ရှိမှုနှင့် ကုန်ရထားပေါ်မှတစ်ဆင့် ပို့ဆောင်မည့်ယာဉ်များပေါ်သို့ တင်ချဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် ရွာတော်ဘူတာသို့ ရောက်ရှိလာသော ကွန်တိန်နာ ၁၉၂ လုံးကို နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်ရှိ ငလျင်ဒဏ်သင့် ဘုန်းကြီးကျောင်း ၁၂၁ ကျောင်းနှင့် သီလရှင်ကျောင်းတစ်ကျောင်းတို့အတွက် ဆက်လက်ပို့ဆောင်လှူဒါန်းလျက်ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ကွန်တိန်နာ Prefabricated House များ ပေးပို့လှူဒါန်းနိုင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းပင်မဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးနေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းပင်မဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရေပိုလွှဲတွင် Hydraulic Elevated Dam (HED) တပ်ဆင်ခြင်းဖြင့် နှစ်စဉ် ယူနစ် ၁၀၄ သန်း ပိုမိုထွက်ရှိရာ အိမ်ထောင်စုပေါင်း ၂၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်မည်ဖြစ်၍ ပုံစံထုတ်လုပ်ခြင်းနှင့် မြစ်ငယ်မြစ်ဝှမ်းဒေသများတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ ဆက်တိုက်ပေါ်ထွက်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး စက်ရုံအတွင်းနှင့် ရေလှောင်တမံ၏ ကြံ့ခိုင်ရေးအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မိတ္ထီလာမြို့နယ်အတွင်းရှိ ၅၀၀ ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး မြန်မာပြည်အောက်ပိုင်းဒေသများသို့လျှပ်စစ်ဓာတ်အားများပို့ဆောင်ရာတွင် ဝန်အားပိုမိုထမ်းဆောင်နိုင်ပြီး တည်ငြိမ်သော လျှပ်စစ်ဓာတ်အားပေးပို့နိုင်ရေးအတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်သည် အလွန်အရေးကြီးသဖြင့် စီမံကိန်းအား စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကန်တော်ကြီး မန္တလာ ဥယျာဉ်သာယာ ပန်းအလှဝေဝေဆာ အေးမြစွာအရိပ်၊ မန်းပျိုဖြူလှယဉ်ကျေးတို့ နားနေ ခွေးသိပ်။



# ပြင်ဦးလွင် လူရည်ချွန်စခန်း စခန်းသိမ်း မီးပုံပွဲကျင်းပ

ပြင်ဦးလွင် မေ ၁၀

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင် လူရည်ချွန်စခန်း စခန်းသိမ်း မီးပုံပွဲကို ယမန်နေ့ ည ၇ နာရီက ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE-Falls)၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ လူရည်ချွန်စခန်း စခန်းသိမ်းအောင်ပွဲအထိမ်းအမှတ် မီးပုံးငယ်အလုံး ၁၀၀ လွှင့်တင်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောသည်။ ထို့နောက် လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့်ဇနီးတို့က လူရည်ချွန်မောင်မယ်များအား ဒေသထွက် လက်ဆောင်များကို အမှတ်တရပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများ သည် မီးပုံပွဲအား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး ပြင်ဦးလွင်မြို့နယ် သစ်တောမြေအတွင်း ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ



နေပြည်တော် မေ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက ဒိုးကွင်ပျိုးဥယျာဉ်ရှင်းလင်းဆောင်ခန်းမ၌ ပြင်ဦးလွင်မြို့နယ် သစ်တောမြေအတွင်း ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သစ်တောနယ်မြေများ အတွင်း တရားဝင်ခွင့်ပြုချက်မရှိဘဲ မွေးမြူရေးလုပ်ငန်းများ ပြုလုပ်နေခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် သစ်တောမြေ အသုံးချမှုကိုလည်း ပြောင်းလဲစေသဖြင့် ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း၊ နိုင်ငံတော်က ခွင့်ပြုထားသောနေရာများတွင်သာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီသာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ သစ်တောကျောင်းအတွက် နှစ်ထပ်စာသင်ဆောင်၊ နှစ်ထပ်သင်တန်းသား အိပ်ဆောင်နှင့်ဘက်စုံသုံးသင်တန်းခန်းမ ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စိုက်ပျိုးရေးကဏ္ဍပြန်လည်ထူထောင်ရေးအတွက် ဒုတိယအကြိမ် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

မတ္တရာ မေ ၁၀

မတ္တရာမြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် ဒုတိယအကြိမ် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့မရှေ့တန်းစခန်းတွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။




ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော တောင်သူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်သီတာက မြို့နယ်အတွင်း မျိုးစပါးမျိုးစေ့ ထုတ်ယူရရှိမှုအခြေအနေများနှင့် လယ်မြေများအတွင်း ပိုက်ဆံလျှော် ထည့်သွင်းအသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး မျိုးစပါး ၂၅၀ တင်း၊ နေကြာ ဧက ၅၀ အတွက် မျိုးစေ့များ၊ ပိုက်ဆံလျှော် ဧက ၅၀ အတွက် မျိုးစေ့များ၊ နှမ်း ဧက ၂၀ အတွက် မျိုးစေ့များ၊ ပဲတီ ဧက ၁၀ အတွက် မျိုးစေ့များကို တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ တောင်သူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် မြို့မရှေ့တန်းစခန်းတွင် စိုက်ပျိုးထားရှိသော အောင်နိုင်တိုး စပါးမျိုးနှင့် မနောသုခ စပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရွှေရာသား

# လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံ

နိုလမ် မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နိုလမ်မြို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တွေ့ဆုံမိတ်ဆက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နိုလမ်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဦးစွာ နမ့်စန်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်နှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်စားလှယ် ဒေါ်နန်းသီတာနွယ်တို့က မိတ်ဆက်စကားများ ပြောကြား၍ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတူတကွ ပေါင်းစပ်ဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် နိုလမ်မြို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မင်းစိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀-၀



# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၇)

ရေချမ်း-မန်း

ဘုရားလေးဆူ ပွင့်တော်မူသော သာရမဏ္ဍကမ္ဘာတွင် မင်္ဂလဘုရားရှင် ပွင့်တော်မူပြီးနောက် ဒုတိယဘုရားရှင်အဖြစ် သုမနဘုရားရှင် ပွင့်တော်မူခဲ့သည်။ မင်္ဂလဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ အနှစ်ကိုးသောင်းတမ်းမှ ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်ခဲ့သည်။ ထိုဆယ်နှစ်တမ်းမှ တိုးတက်ကာ အသင်္ချေယျတမ်းသို့ ရောက်ခဲ့ပြီး ထိုမှတစ်ဖန် ဆုတ်ယုတ်ပြန်၍ အနှစ်ကိုးသောင်းတမ်းသို့ ရောက်လေလျှင် သုမနဘုရားရှင် ပွင့်တော်မူခဲ့သည်။

**သုမနဘုရားအလောင်း ဖွားမြင်တော်မူခြင်းနှင့် ထီးနန်းစံတော်မူခြင်း**

သုမနဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးအဆုံး၌ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ နတ်ဗြဟ္မာတို့က ဘုရားဖြစ်တော်မူရန် အချိန်တန်၍ လူ့ပြည်ဆင်းရန် တောင်းပန်ရာ အလောင်းတော်သည် နတ်သက်ချွေကာ လူ့ပြည် မေခလနေပြည်တော် သုဒတ္တမင်းကြီး၏ အဂ္ဂမဟေသီ သီရိမာဒေဝီမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ တည်တော်မူခဲ့သည်။

ဆယ်လပြည့်၍ ဖွားမြင်တော်မူသောအခါ 'သုမနမင်းသား'ဟု အမည်ပေးတော်မူခဲ့သည်။ အလောင်းတော် ပဋိသန္ဓေနေစဉ်နှင့် ဖွားမြင်စဉ် နိမိတ်ကြီးများထင်ခဲ့ပြီး အထူးအံ့သြဖွယ်ရာ ဖြစ်ပေါ်ခဲ့သည်။

သုမနမင်းသား အရွယ်ရောက်သောအခါ ဝဋံသိကာ မင်းသမီးနှင့် ရွှေလက်ထပ်၍ ထီးနန်းစိုးစံတော်မူခဲ့သည်။ လွန်စွာ မွေ့လျော်ဖွယ်သော စန္ဒရွှေနန်းဆောင်၊ သုစန္ဒရွှေနန်းဆောင်၊ ဝဋံသရွှေနန်းဆောင်တို့၌ နန်းစည်းစိမ်စံစားတော်မူခဲ့သည်။ အလောင်းတော်မင်းသား၏ သားတော်မှာ အနုပမ မင်းသားဖြစ်သည်။

**တောထွက်တော်မူခြင်း**

အလောင်းတော်မင်းသား၏ မိဖုရားကြီးမှ သားတော်ကို ဖွားမြင်စဉ် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး နတ်တို့ဆင်ယင်အပ်သော အဝတ်တန်ဆာတို့ဖြင့် ဆင်ယာဉ်ကိုစီး တောထွက်၍ ရဟန်းပြုတော်မူခဲ့သည်။ ရဟန်းပြုတော်မူကြောင်းကို တွေ့မြင်ကြားသိသော လူပေါင်း ကုဋေသုံးဆယ်တို့ အလောင်းတော်ကို အတုလိုက်ကာ ရဟန်းပြုခဲ့ကြ၏။

အလောင်းတော်သည် ဆယ်လပတ်လုံး ဒုက္ကရစရိယာ ခေါ် ပြုနိုင်ခဲ့သော အကျင့်ကို ကျင့်တော်မူခဲ့၏။ ကဆုန်လပြည့် ဘုရားဖြစ်အံ့သော နေ့တွင် အနောမနိဂုံးသူ အနောမ သူဌေးသမီး လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူခဲ့၏။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတောတွင် နေခိုတော်မူပြီး ညနေချမ်းသို့ ရောက်သောအခါ အခြွေအရံ ရဟန်းတို့ကို စွန့်ခွာပြီး တစ်ပါးတည်း မဟာဗောဓိပင်ရှိရာအရပ်သို့ ကြွတော်မူခဲ့သည်။ လမ်းခရီး၌ အနုပမ မည်သော တက္ကတွန်း၏ မြက်ရှစ်ဆုပ်လှူဒါန်းမှုကို ခံယူတော်မူပြီး ကံ့ကော်၊ ဗောဓိပင်ရင်း၌ ဖြန့်ခင်းသည်နှင့် တစ်ပြိုင်နက် အတောင်သုံးဆယ် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်ခဲ့သည်။

ထိုပလ္လင်တော်ထက်၌ ထိုင်တော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကိုဆောက်တည် ကမ္မဋ္ဌာန်းတရား အားထုတ်တော်မူခဲ့ရာ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်ဗိုလ်ပါတို့ကို အောင်မြင်တော်မူခဲ့သည်။

တစ်ဆက်တည်းပင် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရတော်မူခဲ့သည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပာဒ်တရားကို အနုလုံ ပဋိလုံ သုံးသပ်တော်မူပြီး ဝိပဿနာဉာဏ်ပွားများတော်မူခဲ့၏။ နေအရုဏ်တက်သည်နှင့် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အသာဓာရဏဉာဏ်တော် စသော ဘုရားဂုဏ်တော်တို့ကို ထိုးထွင်းသိမြင်ကာ အတုမရှိဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

သုမနဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်အနီးမှာပင် သတ္တသတ္တာဟ - လေးဆယ့်ကိုးရက် အရဟတ္တဖိုလ်ချမ်းသာဖြင့် စံနေခဲ့ပြီး အဋ္ဌမသတ္တာဟသို့ရောက်စဉ် တရားဦးဟောရန် ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူခဲ့သည်။

တောထွက်စဉ်က လိုက်ပါခဲ့သော ရဟန်းတော် ကုဋေသုံးဆယ်တို့ရှိရာ မဟာဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာကွာဝေးသော မေခလမြို့၊ မေခလဉယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့သည်။ ထို့နောက် ဘုရားရှင်သည် မိကွဲဖတူတော်စပ်သည့် ညီတော် သရဏမင်းသား၊ ပုရောဟိတ်ပုဏ္ဏား၏သား ဘာဝိတတ္တလုလင်၊ ရဟန်းတော် ကုဋေသုံးဆယ်နှင့် ကုဋေတစ်သိန်းသော လူ၊ နတ်၊ ဗြဟ္မာတို့အား ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားတော်မူခဲ့၏။

ဒေသနာအဆုံး၌ ကုဋေတစ်သိန်းသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ သစ္စာလေးပါးတရား သိမြင်တော်ခဲ့ကြသည်။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

သုမနဘုရားရှင်လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် တန်ခိုးကြီးမားသော အတုလနဂါးမင်းဖြစ်တော်မူခဲ့ပြီး လောကသုံးပါး၌ ဘုရားပွင့်တော်မူသည်ကို ကြားသိခဲ့သည်။ နဂါးမင်းသည် ဆွေမျိုးများ ခြံရံလျက် ဘုရားရှင်ထံ ချဉ်းကပ်ကာ သုမနဘုရားရှင်နှင့် အခြွေအရံ ရဟန်းကုဋေတစ်သိန်းတို့အား နတ်၌ဖြစ်သော တူရိယာမျိုးတို့ဖြင့် ပူဇော်ခြင်း၊ ရဟန်းတော်တစ်ပါးစီအား သင်္ကန်းတစ်စုံစီ လှူဒါန်း၍ အသဒိသဒါနအလှူကြီး ပေးလှူခဲ့သည်။ သုမနဘုရားရှင်က 'ဤနဂါးမင်းသည် နောင်ဘဒ္ဒကမ္ဘာတွင် ဂေါတမမြတ်စွာဘုရားဖြစ်တော်မူလတ္တံ့'ဟု ဗျာဒိတ်ခံစကား မိန့်ခဲ့သည်။

**သုမနဘုရားရှင်၏ တပည့်သာဝကများ**

| | |
|---|---|
| မြတ်သောတပည့်(အဂ္ဂသာဝက)တစ်စုံ | - အရှင်သရဏမထေရ်နှင့် အရှင်ဘာဝိတတ္တမထေရ် |
| အလုပ်အကျွေးရဟန်း | - ဥဒေနမထေရ် |
| မြတ်သောတပည့်မ(အဂ္ဂသာဝိကာ)အစုံ | - အရှင်မ သောဏာထေရီနှင့် အရှင်မ ဥပသောဏာထေရီ |
| မြတ်သောအလုပ်အကျွေး ဒါယကာ (အဂ္ဂဥပဋ္ဌာက) | - ဝရုဏသူဌေးနှင့် သရဏသူဌေး |
| မြတ်သောအလုပ်အကျွေး ဒါယိကာမ (အဂ္ဂဥပဋ္ဌိကာ) | - စာလာနှင့် ဥပစာလာ |

မဟာဗောဓိပင်ကား ကံ့ကော်ပင်ဖြစ်ပြီး သုမနဘုရားရှင်၏ အရပ်တော်မှာ အတောင်ကိုးဆယ်မြင့်တော်မူပြီး စကြဝဠာတိုက်တစ်သောင်းကို ထွန်းလင်းတောက်ပသော ကိုယ်ရောင်တော်ဖြင့် အထူးပင်သပ္ပာယ်တင့်တယ်တော်မူသည်။

**(ဓမ္မာဘိသမယ)တရားပွဲကြီးများ**

- မေခလမြို့၊ မေခလဉယျာဉ်၌ ဓမ္မစက္ကပဝတ္တနသုတ် ဟောကြားတော်မူသည့် တရားပွဲသည် ပထမာဘိသမတရားပွဲ။

- သုနန္ဒဝတီမြို့ သရက်ပင်အနီး တိတ္ထိတို့ မာန်ကို ချိုးနှိမ်ခြင်းငှာ လွန်စွာဆန်းကြယ် အံ့သြဖွယ် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ ပြတော်မူလျက် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့အား ဟောတော်မူခြင်းသည် ဒုတိယ ဘိသမယတရားပွဲ။

- သမ္မုတိနတ်ဖြစ်သော အရိန္ဒမမင်းနှင့်အတူ စကြဝဠာနေ နတ်လူဗြဟ္မာတို့က နိရောဓသမာပတ်နှင့် ပတ်သက်၍ ဖြေရှင်းဟောကြားတော်မူသော တရားပွဲသည် သုံးကြိမ်မြောက်(ဓမ္မာဘိသမယ)တရားပွဲ။

**သာဝက(သန္နိပါတအစည်းအဝေးများ)**

- သုမနဘုရားရှင်သည် မေခလမြို့ကို အမှီပြု၍ ဝါကပ်တော်မူအပြီး သီတင်းကျွတ်လပြည့်နေ့၌ ရဟန္တာပေါင်း ကုဋေတစ်သိန်းတို့နှင့်အတူ ပဝါရဏာပြုတော်မူခဲ့ခြင်းသည် ရှေးဦးစွာသော သာဝက(သန္နိပါတ)အစည်းအဝေး။

- သက်သမြို့ မနီးမဝေးအရပ် တစ်ယူဇနာရှိ ရွှေတောင်ထက်၌ သီတင်းသုံးနေစဉ် အရိန္ဒမမင်းကို ခြံရံသော မင်းယောက်ျား ကုဋေကိုးသောင်းတို့ကို တရားဟောဆုံးမတော်မူရာ ဧဟိဘိက္ခုရဟန်းတော်ချည်း ဖြစ်စေကုန်၍ ထိုနေ့မှာပင် ရဟန္တာများ ဖြစ်ခဲ့ကြသည်။ ထိုရဟန်းများ ခြံရံလျက် သုမနဘုရားရှင်သည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ပြတော်မူခဲ့ခြင်းသည် ဒုတိယ သာဝက(သန္နိပါတ) အစည်းအဝေး။

- အခါတစ်ပါး သိကြားမင်းသည် ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ ဆည်းကပ်ရောက်ရှိစဉ် ကုဋေရှစ်သောင်းခြံရံသော ရဟန္တာအပေါင်း အလယ်တွင် ဘုရားရှင်က ပါတိမောက်ပြတော်မူခဲ့ခြင်းသည် တတိယ (သန္နိပါတ) အစည်းအဝေး။

**ပရိနိဗ္ဗာန်စံတော်မူခြင်းနှင့် စေတီတည်ထားကိုးကွယ်တော်မူခြင်း**

သုမနဘုရားရှင်သည် ကယ်တင်ထိုက်သူတို့ကို ကယ်တင်ပြီး သစ္စာလေးပါးတရားကို သိစေထိုက်သူတို့ကို သိစေတော်မူကာ လမင်းကြီး ကွယ်ဝင်သွားသကဲ့သို့ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ အင်္ဂါရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီး ထိုကျောင်းတိုက်၌ပင် လေးယူဇနာအမြင့်ရှိ စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြသည်။ သက်တော်ရှည်ဘုရားရှင်တို့ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓာတ်တော်ကို စေတီတော်အတွင်း ဌာပနာသွင်းခဲ့ကြကာ ဇမ္ဗူဒီပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြသည်။

**ဂေါတမဘုရားလောင်း နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူခြင်း**

စာရေးသူ၏ ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၆)ဆောင်းပါးတွင် ဂေါတမဘုရားလောင်း၏ သီလပါရမီ ဖြည့်ကျင့်တော်မူခဲ့ပုံတို့ကို ဖော်ပြခဲ့ပြီးဖြစ်ရာ ယခု နေက္ခမ္မပါရမီ ဖြည့်ကျင့်ခဲ့ပုံကို ဆက်လက်ဖော်ပြပါမည်။

ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်ရင့်သန်စေရန် ဘဝများစွာ ကာမဂုဏ်မှ ခွာရှောင်ခြင်း၊ ကာမဝဋ်နှောင်လူ့ဘောင် လူ့ဘဝမှ ခွာရှောင်တောထွက်ခြင်း ဟူသည့် နေက္ခမ္မပါရမီကိုလည်း ဖြည့်ကျင့်ခဲ့ပါသည်။ ယုဝဉ္စယမင်းသား ဘဝက နေမထွက်မီ ပေါ်ပေါက်ခဲ့သော ဆီးနှင်းပေါက်တို့သည် နေထွက်လာသောအခါ ပျောက်ကွယ်ခြင်းကို သံဝေဂယူ၍ မင်းအဖြစ်ကို စွန့်လွှတ်တောထွက်ခဲ့သည်။ သောမနဿမင်းသားဘဝက ရသေ့စဉ်းလဲကို ဆရာတင်ထားသော ခမည်းတော်မင်းကြီး၏ အမိန့်ဖြင့် သူသတ်တို့၏ နှောင်ဖွဲ့ခြင်းကို ခံခဲ့ရပြီး ထိုရသေ့စဉ်းလဲ၏ အဖြစ်မှန်ကို ဖခင်ကြီးပြန်သိရာမှ သားတော်အား အပြစ်မှ လပ်ခဲ့သည်။ ထိုအခါ သားတော်သောမနဿမင်းသားသည် ကာမဂုဏ်တို့၏ အပြစ်ကိုမြင်ကာ မင်းစည်းစိမ်ကို စွန့်လွှတ်၍ တောထွက်ခဲ့သည်။

အယောဃရမင်းသားဘဝကမူ ဘီလူးမ၏ အန္တရာယ်ကို ကြောက်၍ သံအိမ်အတွင်း မွေးဖွားကြီးပြင်းခဲ့ရသည်။ သံအိမ်၌ နေခဲ့ရပြီး ဘီလူးရန်မှ လွတ်သော်လည်း သေမင်းရန်မှ မလွတ်သေးဟု သံဝေဂယူ၍ မင်းစည်းစိမ်ကို စွန့်လွှတ်ကာ တောထွက်တော်မူခဲ့သည်။ မဟာကဥ္စန သတို့သားဘဝကလည်း အမိ၊ အဖ အပေါင်းအသင်းတို့က ကာမဖြင့် သိမ်းသွင်းခဲ့သည်။ သို့သော်လည်း ကာမကို ရွံမုန်းလျက် ထွက်မြောက်မှု၌သာ ပျော်မွေ့၍ တောထွက်ခဲ့သည်။ သောဏသူဌေးသားဘဝကလည်း 'လူ့ဘောင် လူ့ဘဝကို အမိုက်မှောင်လွှမ်းမိုးသော အမိုက်တိုက်လောက'ဟု ရှုမြင်ခဲ့ပြီး အမိ၊ အဖတို့၏ စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ကာ တောထွက်ခဲ့သည်။ ဤသို့အားဖြင့် ဂေါတမဘုရားလောင်းသည် ဘဝများစွာတွင် တောထွက်ခြင်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူခဲ့သည်။

**ပညာပါရမီကို ဖြည့်ကျင့်ခြင်း**

ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်ရင့်သန်စေရန် ပညာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ အလောင်းတော်သည် သေနကအမတ်ဘဝက အလုံးစုံသော ပညာအရပ်ရပ်ကို တက်မြောက်၍ ဗာရာဏသီမင်းကြီးက ကြီးစွာသော စည်းစိမ်ဥစ္စာကို ပေး၍ အမတ်အရာထားကာ ချီးမြှောက်ခဲ့သည်။ ထိုစဉ်က အမျိုးသမီးငယ်တစ်ဦးမှာ လင်မြှောင်ထားပြီး လင်မြှောင်နှင့် ပျော်နိုင်ရန် လင်ယောက်ျား ပုဏ္ဏားအိုကြီးကို အလှူခံထွက်ခိုင်း၏။ အလှူခံထွက်စဉ် အိတ်ဖွင့်ပြီး မုန့်စားရာ အိတ်ကို ပြန်မပိတ်ဘဲ ရေသွားသောက်၏။ ထိုစဉ် အိတ်ထဲ မြွေဝင်နေသည်ကို မသိခဲ့။ ယင်းကို သစ်ပင်စောင့်နတ်က သိ၍ ပုဏ္ဏားကြီး ... လမ်းခရီးအကြား၌ သင်နားနေလျှင် သင်သေမည်။ ယနေ့ အိမ်အရောက်သွားလျှင် မယားသေမည်ဟု ပြောခဲ့သည်။ ပြောသူကိုလည်း မမြင်ရသဖြင့် ပုဏ္ဏားကြီးသည် ကြောက်လန့်ငိုကြွေး၏။

ထိုအချိန် သေနကအမတ်က တိုင်းသူပြည်သားတို့အား တရားဟောနေချိန်ဖြစ်၍ ပုဏ္ဏားကြီးသည် ငိုလျက် တရားပွဲသို့ သွားခဲ့၏။ အလောင်းတော် သေနကအမတ်က ပုဏ္ဏားကြီးအား ငိုခြင်းအကြောင်းကို မေးရာ သစ်ပင်စောင့်နတ် ပြောသည်ကို ပြန်ပြောကြား၏။ ထိုအခါ အလောင်းတော်အမတ်က ကျိုးကြောင်းဆင်ခြင်ပြီး စုံစမ်းမေးမြန်းရာ အိတ်၌ မြွေရှိသည်ကို ဖော်ထုတ်နိုင်ခဲ့၏။ အလောင်းတော်၏ ကျိုးကြောင်းသိမြင် ပညာရှိမှုကြောင့် ပုဏ္ဏားအို ဇနီးမောင်နှံ အသက်ချမ်းသာရသည့်အပြင် လင်မြှောင်ကိုပါ ဖော်ထုတ်ပေးနိုင်ခဲ့၏။

ဂေါတမဘုရားအလောင်းသည် ဝိဓုရသုခမိန်ဘဝ၊ မဟောသဓာပညာရှိဘဝ စသည့် ဘဝများစွာ၌လည်း ပညာအစွမ်းဖြင့် သတ္တဝါတို့၏ အကျိုးဆောင်ရွက်ပြီး ပညာပါရမီများ ဖြည့်ကျင့်ခဲ့သည်။

**ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

ဂေါတမဘုရားအလောင်းသည် သဗ္ဗညုတဉာဏ် ရင့်သန်စေရန် ဝီရိယပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ မဟာဇနကမင်းသားဘဝက အလောင်းတော် အပါအဝင် လူအများ သင်္ဘောနစ်မြုပ်၍ သမုဒ္ဒရာရေပြင်၌ ကစဉ့်ကလျားဖြစ်နေစဉ် ကျန်ပုဂ္ဂိုလ်များမှာ ဝီရိယထား ကူးခတ်ခြင်း မပြုကြ၍ ရေသတ္တဝါတို့ အန္တရာယ်တွေ့ရပြီး ဝဲစလုတ်၌ နစ်မြုပ်ခဲ့ကြရသည်။ အလောင်းတော် ဇနကမင်းသားမှာမူ 'သေမှာသာ သေစေတော့' စိတ်ထား ဖွဲ၊ လုံ့လဖြင့် ကူးခတ်ခဲ့၍ နတ်သမီးအကူအညီရကာ အသက်မသေခဲ့သည့်အပြင် ရှင်ဘုရင်ပင် ဖြစ်ခဲ့သည်။ အလောင်းတော်၏ ဝီရိယပါရမီမှာ ကြည်ညိုဖွယ်ရာပင် ဖြစ်သည်။

ကျမ်းကိုး – နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် (ဓမ္မဗိမာန်ကျမ်းစာ အမှတ်–၄)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## So Ji Sub က Song Seung Heon ကို တန်ဖိုးမဖြတ်နိုင်သော သူငယ်ချင်းဟုဆို





နာမည်ကျော်မင်းသားနှစ်ဦးဖြစ်သည့် So Ji Sub သည် မင်းသား Song Seung Heoကို တန်ဖိုးမဖြတ်နိုင်သော သူငယ်ချင်းတစ်ဦးဖြစ်သည်ဟုဆိုကာ နှစ်ဦးသား ခင်မင်ရင်းနှီးမှု နှစ်ကာလ ရှည်ကြာပြီဖြစ်ကြောင်း ကိုရီးယား ဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

So Ji Sub က ရသစုံအစီအစဉ်တစ်ခုတွင် ဆင်းရဲနွမ်းပါးသော မိသားစုမှ မွေးဖွားခဲ့ပြီး သူ့ဘဝအကြောင်း ပြောကြားခဲ့ရာ အစီအစဉ်မှူးက အထင်လွဲမှားမှုကို ပြန်လည်တောင်းပန်ထားသည်။

So Ji Sub နှင့် Song Seung Heon တို့ သူ့ထံ လာလည်စဉ်က So Ji Sub ၏ ဖက်ရှင်ကို ကြည့်၍ အထင်မှားခဲ့ကာ Song Seung Heon ကို ထိုလူများနှင့် မပေါင်းရန် လမ်းမှားရောက်လိမ့်မည်ဟု ပြောခဲ့သည်။

So Ji Sub သည် မိခင်နှင့် အဘွားက ကျွေးမွေးခဲ့၍ ခက်ခဲစွာ ရှင်သန်ခဲ့ရပြီး အင်ချုန်းမှ ခရီးစရိတ်မရှိ၍ ချမ်းသာသော Song Seung Heon အိမ်တွင် နေခဲ့ရကြောင်း၊ What Happen in Bali ဇာတ်လမ်းမှာ သူ့ဘဝနှင့်ထပ်တူကျကြောင်း၊ Song Seung Heon မှာ သူ့ဘဝ၌ တန်ဖိုးမဖြတ်နိုင်သော သူငယ်ချင်းဖြစ်ကြောင်း ယင်းအစီအစဉ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

(SKY)

## Su Xin Hao အပါအဝင် တရုတ်အနုပညာရှင် သုံးဦး 2026 Milan Fashion တွင် ဩဇာကြီးမား

၂၀၂၆ ခုနှစ် Milan Fashion Week အတွင်း ကမ္ဘာလုံးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုအဖွဲ့အစည်း Lefty မှ အစီရင်ခံစာအရ နိုင်ငံတကာဖက်ရှင်တွင် Su Xin Hao အပါအဝင် တရုတ်အနုပညာရှင်သုံးဦး ဩဇာကြီးမားခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီရင်ခံစာအရ နံပါတ်(၁)နေရာတွင် Xiao Zhanက ထိပ်ဆုံးရပ်တည်နေကာ သူနှင့်ဆက်စပ်သည့်အကြောင်းအရာ ကြည့်ရှုမှုမှာ ၁၇ ဒသမ ၈ ဘီလီယံနှင့် ကမ္ဘာလုံးဆိုင်ရာ ဖက်ရှင်လွှမ်းမိုးမှုတွင် မှတ်တိုင်သစ် စိုက်ခဲ့သည်။



Wang Yibo ကလည်း ထိပ်ဆုံးသုံးဦးစာရင်းတွင် ပါဝင်၍ တန်ဖိုးမြင့်ဖက်ရှင် အိုင်ကွန်တစ်ဦးအဖြစ် သူ၏အဆင့်အတန်းကို ခိုင်မာစေခဲ့သည်။

နံပါတ်(၃)နေရာတွင် Su Xin Hao က EMV ဒေါ်လာ ၄ ဒသမ ၅ သန်းရရှိခဲ့ပြီး စာရင်းတွင် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း အနုပညာရှင်တစ်ဦးဖြစ်လာကာ ခေတ်ရေစီးကြောင်းကို ထိုးထွင်းဖောက်ထွက်ပြီး ခေတ်ဖက်ရှင်စတိုင်လ်ကို ပြသခဲ့၍ ကမ္ဘာလုံးဆိုင်ရာ ဖက်ရှင်စကားဝိုင်းတွင် ထင်ရှားသော တရုတ်ကြယ်ပွင့်သုံးပွင့်ဖြစ်ခဲ့သည်။ (SKY)



## Xiao Zhan ဖြတ်သန်းခဲ့ရသည့် အနုပညာလမ်း ကြမ်းတမ်း

တရုတ်အနုပညာရှင် Xiao Zhan သည် အနုပညာလောကသို့ နောက်ကျမှ ဝင်ရောက်ခဲ့ပြီး ကြမ်းတမ်းသောလမ်းကို မလျှောက်သော ဖွဲ့နှင့် ဖြတ်ကျော်ခဲ့ရာမှ အောင်မြင်မှုများ သိမ်းပိုက်နိုင်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာလောကသို့ အသက် ၂၄ နှစ်မှ ဝင်ရောက်ခဲ့ကာ ပြင်းထန်သော လေ့ကျင့်ခန်းများကြောင့် ခြေသည်းများ ကွာကျ၍ လမ်းမလျှောက်နိုင်ဖြစ်ခဲ့သော်လည်း ရွေးချယ်ခဲ့သည့်လမ်းဖြစ်၍ ခန္ဓာကိုယ် နာကျင်မှုနှင့် ရှေ့ဆက်ခဲ့သည်။

သာမန် သရုပ်ဆောင်ဘဝမှ The Tamed နှင့် လူသိများမီအထိ ရှေ့ဆက်ရမည့်လမ်းကြောင်း ဝေဝါး၍ စိတ်ဓာတ်ကျခဲ့ကြောင်း၊ အခက်ခဲဆုံးအချိန်မှာ ၂၀၂၀ ပြည့်နှစ်တွင် မမျှော်လင့်သော ဖိအားများနှင့် တိုက်ခိုက်ခံရ၍ အိမ်ထဲတွင် နေခဲ့ရကြောင်း၊ သည်းခံခြင်းကို သင်ယူခဲ့ရပြီး ရှေ့ဆက်ရန်သာရှိ၍ သင်ခန်းစာများနှင့်အတူ ရင့်ကျက်ခဲ့ကြောင်း Xiao Zhan က သူ့အနုပညာခရီးအကြောင်း Interview တစ်ခုတွင် ပြောကြားထားသည်။

"လမ်းက ကြမ်းတမ်းနေလျှင်တောင် စိတ်ဓာတ်ကို အရောင်မလွင့်ပါစေနှင့် အခက်အခဲတွေက ပိုမိုထွန်းလင်းဖို့ စမ်းသပ်ချက်တွေမဟုတ်လား"ဟု သူက ဆိုသည်။

(SKY)

## Lady Gaga က အမေရိကန် ဂီတဆုပေးပွဲတွင် ခြောက်ဆု ဆန်ခါတင်ဝင်

ကမ္ဘာကျော် အဆိုတော်၊ သရုပ်ဆောင် Lady Gaga သည် American Music Awards တွင် ဆန်ခါတင်ဆု ခြောက်ဆု ရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lady Gaga ဆန်ခါတင်ဝင်ထားသော ဆုများမှာ Artist of The Year, Best Female Pop နှင့် Artist Album of The Year တို့ ဖြစ်သည်။

ကျန်သုံးဆုဖြစ်သည့် Tour of The Year, Best Pop Album (Mayhem), Abracadabra နှင့် Best Vocal Performance တို့ကို Lady Gaga က ဆန်ခါတင် စာရင်းဝင်ထားသည်။ (SKY)



## နာတာရှည် ကျောက်ကပ်ရောဂါသည်များအတွက် စမ်းသပ်ဆဲ ဆေးဝါးသစ်တစ်မျိုး ထွက်ပေါ်လာ




နာတာရှည် ကျောက်ကပ်ရောဂါခံစားနေရသူများတွင် သွေးတိုးကျစေရုံသာမက ကျောက်ကပ်ပျက်စီးမှု လက္ခဏာရပ်များကိုပါ သိသိသာသာ လျှော့ချပေးနိုင်သည့် စမ်းသပ်ဆဲ ဆေးသစ်တစ်မျိုးကို မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သည်။

ဘတ်စ်ဒရိုစတတ်ဟု အမည်ပေးထားသည့် အဆိုပါ စမ်းသပ်ဆဲ ဆေးပြားသည် ခန္ဓာကိုယ်အတွင်းရှိ အယ်လ်ဒိုစတီရုန်းဟော်မုန်းထုတ်လုပ်မှုကို တားဆီးရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။

ထိုဆေးသည် ကုသရန်ခက်ခဲပြီး အန္တရာယ်ရှိသည့် "နာတာရှည် ကျောက်ကပ်ရောဂါနှင့် ထိန်းချုပ်မရသော သွေးတိုးရောဂါ" နှစ်မျိုးစလုံး ခံစားနေရသူများအတွက် အားတက်ဖွယ်ရလဒ်များ ကို ပြသခဲ့သည်။

အဆိုပါဆေးဝါးသစ်က ကျောက်ကပ်နှင့် နှလုံးသွေးကြောဆိုင်ရာ ဘေးထွက်ဆိုးကျိုးများကို ဖော်ပြသည့် ဆီးအတွင်းမှ အညွှန်းကိန်းကိုလည်း သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သိရသည်။

(SCI)

## New Jeans အပါအဝင် K-Pop အနုပညာရှင်များ ထူးခြားသည့် စံနှုန်းသတ်မှတ်ချက်ရှိ

K Pop လောကတွင် အကြီးဆုံးဖြစ်သည့် HYBE LABLES (BIGHIT၊ စကောမြူးဇစ်၊ Pledist၊ Ardor)စသည့် ကုမ္ပဏီများ၏ စံနှုန်းသတ်မှတ်ချက်မှာ ထူးခြားသည့် စံနှုန်းသတ်မှတ်ချက်များနှင့် ရွေးချယ်ခဲ့ကြရာ New Jeans အဖွဲ့လည်း ပါဝင်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရွေးချယ်မှုစံနှုန်းတွင် ထူးခြားချက်မှာ ရုပ်ရည်နှင့် ဆွဲဆောင်မှုတွင် ထူးခြားသောရုပ်ရည်၊ သဘာဝဆန်၍ အမြင်အေးစေသည့် (New Jeans, ILLIT) အဖွဲ့တို့ကို ဦးစားပေးခဲ့သည်။ စင်ပေါ်မှ စွမ်းဆောင်ရည်တွင် အကကို အထူးအလေးထားကာ ပင်ကိုယ်အရည်အချင်းရှိသူ ပါရမီရှင်များကိုသာ ရွေးချယ်လေ့ကျင့်ပေးခဲ့သည်။

K Pop လောကတွင် အဖွဲ့လိုက် ဆောင်ရွက်ရ၍ စိတ်နေစိတ်ထားကြံ့ခိုင်သူ၊ အရှုပ်အရှင်းကင်းသူ၊ ကြိုးစားလိုစိတ်ရှိသူများကိုသာ အဓိကထားရွေးချယ်ခဲ့ကြသည်။

(SKY)

## Cooheart က KAZZ မဂ္ဂဇင်းတွင် ဘဝမှန်အကြောင်း ပြောကြား

ထိုင်းအနုပညာရှင် Cooheart သည် KAZZ မဂ္ဂဇင်း၏ PODKAZZ အစီအစဉ်တွင် ပါဝင်ခဲ့ပြီး သူ့ဘဝမှန်အကြောင်း ပြောကြားထားကြောင်း ထိုင်းအပ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Cooheart က အင်တာဗျူးတွင် သူကိုယ်သူ Gay တစ်ဦးဖြစ်ကြောင်း မိဘများကို ဖွင့်ပြောခဲ့ချိန်တွင် ရင်ဆိုင်ခဲ့ရသော အခက်အခဲများကို ပြောကြားခဲ့ရာ ဖခင်က ရိပ်မိပြီး မိခင်က အံ့အားတသင့် ငိုချခဲ့၍ သူလည်း ငိုချခဲ့ကြောင်း၊ မိဘနှစ်ပါးမှာ အတူမနေ၍ ဖခင်ထံ ဖုန်းဆက်ပြီး မိခင်စိတ်ပူပန်မှုကို ဖြေလျှော့ပေးရန် တောင်းဆိုခဲ့ရကြောင်း ပြောကြားခဲ့သည်။

Cooheart က မိခင်ကို သူ့ဘဝတွင် တစ်ခုခုကို သက်သေပြရန် အောင်မြင်မှုကြီးကြီးမားမားရရန် မမျှော်မှန်းခဲ့ဘဲ လုပ်နိုင်သမျှ အကောင်းဆုံးရှင်သန်ကြိုးစားလျှင် လုံလောက်ပြီဟု ပြောခဲ့သည်။




တကယ်တမ်း နာမည်ကြီး အနုပညာရှင်ဖြစ်လာသည့်အခါ Cooheart သည် စိတ်အားထက်သန်စွာ ကြိုးစားခဲ့ပြီး Gay ဖြစ်သော်လည်း အမျိုးသားသရုပ်ဆောင် ဇာတ်ကောင်နေရာမှ အစွမ်းကုန် ကြိုးစားသရုပ်ဆောင်ခဲ့သည်။ မျက်ရည်များနှင့် စတင်ခဲ့သည့် အမှန်တရားအတွက် ရဲဝံ့စွာ ရင်ဆိုင်မှုက မိခင်၏နားလည်မှုနှင့်အတူ မိမိကိုယ်ကို ယုံကြည်မှုနှင့် ရှေ့ဆက်ခဲ့သဖြင့် တောက်ပလာခဲ့ခြင်းဖြစ်သည်ဟု ထပ်မံပြောဆိုသွားသည်။ (SKY)



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြော

**လားရှိုး မေ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် လူမှုဝန်ထမ်း ဦးစီးဌာနမှ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုပပျောက် ရေး အသိပညာပေ ဟောပြောပွဲ ကို ယမန်နေ့က လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန Community Centre ရှိ ဘက်စုံသုံး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုင်းထွန်း နေလှိုင်က အမှာစကားပြောကြား ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမင်းမင်း စံက အမျိုးသမီးများနှင့် မိန်း ကလေးများအပေါ် ညှဉ်းပန်းနှိပ် စက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင် ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု များအကြောင်းနှင့် တိုင်ကြားနိုင် သည့် နည်းလမ်းများ၊ ဥပဒေအရ အရေးယူနိုင်သည်များကို ကျယ် ကျယ်ပြန့်ပြန့် သိရှိစေရေး အသိ ပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာ သည့် ဒေသခံပြည်သူများက သိရှိ လိုသည်များအား မေးမြန်းဆွေး နွေးကြရာ ဦးစီးအရာရှိ ဒေါ်အေး မင်းမင်းစံက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**လှမော်(ပြန်/ဆက်)**



# လူနေအိမ်ပေါ် သစ်ကိုင်းကျိုးကျသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်း

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် မေ ၉ ရက် ညနေ ၅ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်မှု ကြောင့် ညောင်ဦးမြို့၊ အမှတ်(၅) ဈေးတန်းမြောက်ရပ်ကွက်၌ လူ နေအိမ်ပေါ်သို့ သစ်ကိုင်းကျိုးကျ သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဝင်များက ပြည်သူ့အကျိုးပြု သွားရောက်ကူညီ ရှင်းလင်းဆောင် ရွက်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ် မှုကြောင့် ညောင်ဦးမြို့၊ အမှတ် (၅) ဈေးတန်းမြောက်ရပ်ကွက်ရှိ ဦးတင်ဝင်း ပိုင်ဆိုင်သော ၁၅ ပေ×၁၀ ပေ သွပ်မိုး၊ ထရံကာ မြေစိုက်လူနေအိမ်ပေါ်သို့ အမြင့် ပေ ၁၅၀ ရှိသော ညောင်ပင်မှ ညောင်ကိုင်းကျိုးကျကာ လူနေ အိမ်ပေါ်သို့ ပိမိနေသဖြင့် ဘေး အန္တရာယ်ကင်းဝေးစေရေးအတွက် ညောင်ဦးမြို့နယ် မီးသတ်ဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်း သူ ဦးဆောင်သော သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြု စနစ်တကျ သွားရောက်ခုတ်ထွင် ရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သစ်ကိုင်းကျိုးကျမှု ကြောင့် လူ၊ တိရစ္ဆာန်နှင့် အခြား အဆောက်အအုံများ ထိခိုက်မှုမရှိ ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၄၅)**

# သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မေ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၅) ရပ်ကွက်၌ မေ ၈ ရက် နံနက် ၈ နာရီခန့်က လုံးပတ် ၈ ပေ၊ အမြင့်ပေ ၃၀ ခန့်ရှိ ယူကလစ်ပင် သည် လေပြင်း တိုက်ခတ်ခဲ့မှု ကြောင့် လဲကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားနေကြောင်း သတင်းရရှိ သဖြင့် ပခုက္ကူမြို့နယ် မီးသတ် စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ သည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင် ရွက်ခဲ့ရာ နံနက် ၉ နာရီခွဲတွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိ ကြောင်းသိရသည်။

**(ဓါပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

# စပယ်ယာဘီးလဲလှယ်ရာတွင် လေအိတ်ပေါက်ပြီး ကားနှင့် ကျောက်လမ်းကြားတွင် စပယ်ယာညပ်နေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်

**နေပြည်တော် မေ ၁၀**

မန္တလေး-ရန်ကုန်အမြန် လမ်းမကြီး၊ မိုင်တိုင်အမှတ်(၃၄၃/ ၅)တွင် မေ ၅ ရက် နံနက်ပိုင်း က ခရီးသည်တင်ယာဉ်တစ်စီး ကားဘီးပေါက်၍ စပယ်ယာဘီး လဲလှယ်ရာတွင် လေအိတ်ပေါက် ပြီး ကားနှင့် ကျောက်လမ်းကြား တွင် စပယ်ယာဖြစ်သူ ညပ်နေ ကြောင်းသတင်းရရှိသဖြင့် စကား အင်းအမြန်လမ်း မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်း သွား ရောက် ကူညီဆောင်ရွက်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ညပ် နေသူ အမျိုးသားတစ်ဦး ထိခိုက် ဒဏ်ရာ(စိုးရိမ်ရ)အား ရွှေမေတ္တာ လူမှုကူညီရေးအသင်းယာဉ်ဖြင့် တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံ သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ကလေးဝမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ် နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ မေ ၇ ရက် နံနက် ၁၀ နာရီခွဲက ကလေးဝမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်မင်္ဂလာ လမ်းတွင် စိုးလင်းမင်း ဆိုသူ မောင်းနှင်လာသည့် မော်တော် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူး သွပ်ဆေး ၄၀၀၀ အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် စိုးလင်း မင်း(၂၃)နှစ်ဆိုသူအား ကလေးဝ မြို့မရဲစခန်းမှ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်း ဆက်များကို ဆက်လက်ဖော် ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ် နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့ သည် သက်သေများနှင့်အတူ မေ ၆ ရက် မွန်းလွဲ ၂ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာ အနီးတွင် မော်တော်ယာဉ်များ အား စစ်ဆေးရှာဖွေစဉ် ဦးသက် (ခ)ဝင်းကို ဆိုသူ မောင်းနှင်ပြီး မယဉ်ဝင်းမြိုင်(ခ)မကြီး ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင် ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေ ရာ ဆိုင်ကယ်ခွကြားတွင် သယ် ဆောင်လာသော လက်ဆွဲခြင်း အတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၁၉၅၀၀ နှင့် လက်ကိုင်ဖုန်း နှစ် လုံးတို့အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သဖြင့် ဦးသက်(ခ)ဝင်းကို (၄၆)နှစ် ဆိုသူနှင့် မယဉ်ဝင်း မြိုင်(ခ)မကြီး (၄၂)နှစ် ဆိုသူတို့ အား ပိတ်ချင်းမြောက်နယ်မြေ ရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ် ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များ ကို ဆက်လက်ဖော်ထုတ်လျက် ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




## ယာဉ်မောင်းသူများ လိုက်နာရန်

* မြို့တွင်းတစ်နာရီ ၄၈ ကီလိုမီတာအတွင်း ယာဉ်များ မောင်း နှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
* အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ် မစီးရ။
* ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
* (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ နောက်ဆုံးနေ့ လေ့လာကြည့်ရှုသူများ အထူးစည်ကား

ရန်ကုန် မေ ၁၀

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ပတ်လမ်းတွင် မေ ၃ ရက်မှ ၁၀ ရက်အထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် ပြသခဲ့သည်။

ယနေ့သည် နောက်ဆုံးနေ့ အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ကျောင်းတိုက်များမှ ရဟန်းသံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင်များ၊ သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ လှိုင်၊ သန်လျင်၊ ခရမ်း၊ သာကေတ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေပေါက္ကံမြို့နယ်တို့မှ လာရောက်ကြည့်ရှုသူ ပြည်သူအများ အထူးစည်ကားလျက်ရှိရာ ပြပွဲနှင့်ပတ်သက်၍ ရှုမြင်သုံးသပ်မှု သဘောထားအမြင်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**အရှင်ဝီရိယ**

**ရှင်မတောင်သရက္ခန်ကျောင်း**

**ရေစကြိုမြို့နယ်**

**မကွေးတိုင်းဒေသကြီး**

ဆဋ္ဌသင်္ဂါယနာတင် (နှစ် ၇၀ ပြည့်) အထိမ်းအမှတ်ပြပွဲမှာ ဆဋ္ဌသင်္ဂါယနာတင်ရာ သမိုင်းဝင်နေရာနဲ့ သာသနာ့သမိုင်း အသေးစိတ် အကြောင်းအရာတွေကို လေ့လာရတဲ့အတွက် လူငယ်တွေ တော်တော်များများ သိသွားတယ်။ သာသနာအတွက်၊ နိုင်ငံအတွက်၊ မျိုးဆက်သစ်လူငယ်တွေအတွက် အလွန်အကျိုးကျေးဇူးကြီးပါတယ်။ ဒီကနေ့ ကမ္ဘာ့အနေအထားအရ တင်းမာမှုတွေခံစားချက်တွေ သိပ်ပြီးများနေတဲ့အချိန်မှာ ဗုဒ္ဓရဲ့အဆုံးအမတွေကို သိရှိလိုက်နာကြမယ်ဆိုရင် မြန်မာပြည်အပါအဝင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းလာမှာဖြစ်ပါတယ်။

အိန္ဒိယက သာသနာစတင်ထွန်းကားခဲ့ပေမယ့် မြန်မာနိုင်ငံလိုမျိုး ပရိယတ္တိ၊ ပဋိပတ္တိ အပြည့်အစုံမရှိတော့ဘူး။ မြန်မာနိုင်ငံမှာ သင်္ဂါယနာ နှစ်ကြိမ်တင်ခွင့်ရခဲ့တယ်။ နှစ်ကြိမ်စလုံး တန်ဖိုးဖြတ်လို့မရဘူး။ ဘုန်းကံရှိတဲ့ တိုင်းပြည်နဲ့ ဘုန်းကံရှိတဲ့ဒေသမှာ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ ဦးဆောင်နိုင်စွမ်းရှိလို့ သာသနာကြီးတည်တာပါ။ ဒါက သာသနာတော်အတွက် အလွန်အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာတွေဖြစ်ပါတယ်။ နောင်လာနောက်သားတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေဖြစ်ပါတယ်။

**ဦးစိန်လင်း**

**ညွှန်ကြားရေးမှူး**

**သာသနာရေးနှင့် ဝိနစ္ဆယရေးရာဌာနခွဲ၊ သာသနာရေးဦးစီးဌာန**

ပဉ္စမသင်္ဂါယနာနဲ့ ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံမှာ ကျင်းပခဲ့တာဖြစ်လို့ မြန်မာနိုင်ငံသား ရဟန်းရှင်လူပြည်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိခဲ့ပါတယ်။ သင်္ဂါယနာအဆင့်ဆင့်တင်လာတဲ့ အကျိုးဆက်တွေကြောင့် ထေရဝါဒနိုင်ငံအနေနဲ့ ဆဋ္ဌမှုအဖြစ် သာသနာတော်ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ပြောရရင် ဒီဆဋ္ဌသင်္ဂါယနာ နှစ်(၇၀)ပြည့် အောင်ပွဲက ပရိယတ္တိစာပေဆိုင်ရာ သံဃအဖွဲ့အစည်း ဆင့်ဆင့်တွေအနေနဲ့ သာသနာတော်ကို ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက် သွားမှာဖြစ်ပါတယ်။ ဒီဆဋ္ဌသင်္ဂါယနာ နှစ်(၇၀)ပြည့် အောင်ပွဲကို နိုင်ငံတော်အကြီးအကဲတွေရဲ့မျှော်မှန်းမှု၊ သာသနာအတွက်အထင်ကရဖြစ်တာကြောင့် ကျင်းပဖို့ ကုသိုလ်စိတ်တွေနဲ့ စီစဉ်ဆောင်ရွက်ခဲ့တယ်။ သဘာပတိဆရာတော်တွေရဲ့ အမေးအဖြေတွေက လွန်ခဲ့တဲ့နှစ် (၇၀) ပြည့်က ပုံရိပ်တွေကို ပြန်လည်ထင်ဟပ်စေပြီး ကြည်ညိုစရာ ကြည်နူးကုသိုလ် သဒ္ဓါတရားပွားရပါတယ်။ ရဟန်းရှင်လူပြည်သူအများလည်း ထပ်တူရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးတင်သိန်း**

**ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန**

ကျွန်တော်တို့ သာသနာရေးဦးစီးဌာနက နေ့စဉ်ပြခန်းတွေမှာ တာဝန်ချထားပြီး ပြကွက်တစ်ကွက်ချင်းစီအလိုက် ရဟန်းရှင်လူပြည်သူတွေကို ရှင်းလင်းပြသပေးပါတယ်။ ရဟန်းရှင်လူ ပြည်သူအများလည်း အားတက်သရော ကြည်ညို သဒ္ဓါပွားတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ဗုဒ္ဓသာသနာတော်ကြီး နေလိုလလို ထွန်းလင်းတောက်ပပြီး အများပြည်သူတွေ ကြည်ညိုသဒ္ဓါတရား ပွားများခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။

**ကိုစိုးဝေလွင်**

**မရမ်းကုန်းမြို့နယ်**

မြန်မာနိုင်ငံမှာ သင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းဝင်နေရာနဲ့ အချက်အလက်ပြခန်းပြကွက်တွေက တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ ဗဟုသုတတွေ အများကြီးရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ ဒီလိုပြပွဲတွေ ပြသပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ဆုနှယ်ဝင်း**

**ဒဂုံဆိပ်ကမ်းမြို့နယ်**

စာပေထဲမှာ ဖတ်ရတာက ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ ကမ္ဘာအေးကုန်းမြေက ပထမသင်္ဂါယနာတင်ခဲ့တဲ့ အိန္ဒိယနိုင်ငံက သတ္တပဏ္ဏိလိုဏ်ဂူနဲ့ ပုံစံတူတည်ဆောက်ထားတာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ ပထမသင်္ဂါယနာကို မမီခဲ့သလို အိန္ဒိယနိုင်ငံကို မသွားရောက် နိုင်သေးတဲ့အတွက် ဒီဆဋ္ဌသင်္ဂါယနာတင် လိုဏ်ဂူကြီးက ပထမသင်္ဂါယနာကိုပါ အမှတ်ရစေပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားမှာ ဆရာတော်ကြီးတွေ ဆဋ္ဌသင်္ဂါယနာတင်တာကို ကျွန်မတို့ ကြည်ညိုခွင့်ရခဲ့တယ်။ ခေတ်အဆက်ဆက်တင်ခဲ့သမျှ သင်္ဂါယနာမှာ ကျွန်မတို့မမီခဲ့ဘူး။ စာပေကနေ တစ်ဆင့်ပဲ လေ့လာခဲ့ရတယ်။ အခု ဆရာတော်ကြီးတွေ သင်္ဂါယနာတင်တာ ဒီလိုပါလားဆိုပြီး ကြည်ညိုခွင့်၊ နာယူခွင့်ရတယ်။ အခုလို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတအများကြီးရပါတယ်။ **သတင်းအဖွဲ့**







အရှင်ဝီရိယ



ကိုစိုးဝေလွင်



ဒေါ်ဆုနှယ်ဝင်း



ဦးစိန်လင်း



ဦးတင်သိန်း

# နိုင်ငံတကာ အားကစား သတင်းများ



## တူရကီစူပါလိဂ် ချန်ပီယံဆုကို ဂါလာတာစာရေးအသင်း ဆွတ်ခူး

**လန်ဒန် မေ ၁၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ တူရကီစူပါလိဂ် ချန်ပီယံဆုကို ဂါလာတာစာရေးအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဂါလာတာစာရေးအသင်းသည် တူရကီစူပါလိဂ်ပြိုင်ပွဲ (၃၃)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၇မှတ်ဖြင့် အဆင့် (၂)နေရာမှ ဖီနာဘာချီအသင်းကို ၄မှတ်ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ဂါလာတာစာရေးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် တူရကီစူပါလိဂ် ချန်ပီယံဆုကို (၂၆)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

ဂါလာတာစာရေးအသင်း၏ ထုတ်ပြန်ချက်တွင် "တူရကီစူပါလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန် ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ) (NGB)**

## ဂျက်ဆီဒါရေး ဦးခေါင်းဒဏ်ရာကြောင့် ချဲလ်ဆီးအသင်း၏ လက်ကျန်ပွဲစဉ်အားလုံး လွဲချော်မည်

**လန်ဒန် မေ ၁၀**

ချဲလ်ဆီးအသင်း တိုက်စစ်မှူး ဂျက်ဆီဒါရေးသည် ဦးခေါင်းဒဏ်ရာကြောင့် အသင်း၏ လက်ကျန် ပွဲစဉ်အားလုံး လွဲချော်သွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ချဲလ်ဆီးအသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဦးခေါင်းဒဏ်ရာရရှိခဲ့ပြီး ကွင်းထဲမှ ထမ်းစင်ဖြင့် သယ်ထုတ်ခဲ့ရသည်။

တိုက်စစ်မှူး ဂျက်ဆီဒါရေး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့် အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်၊ စပါးအသင်း၊ ဆန်းဒါးလန်းအသင်းတို့နှင့် ပရီးမီးယားလိဂ်ပွဲစဉ် စုစုပေါင်း သုံးပွဲသာ ကစားရန် ကျန်ရှိနေသည်။

**(အောက်ပုံ)**

**(NGB)**



## နည်းပြ အဲလ်ဘတ်ရီရာ ဖရန့်ဖတ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**မြူးနစ် မေ ၁၀**

ဖရန့်ဖတ်အသင်းသည် လက်ရှိအချိန်တွင် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ အဲလ်ဘတ်ရီရာကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

ဖရန့်ဖတ်အသင်းသည် ဘွန်ဒက်လီဂါ နောက်ဆုံးလေးပွဲတွင် နိုင်ပွဲရရှိမှုမရှိခြင်းကြောင့် နည်းပြ အဲလ်ဘတ်ရီရာကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ အဲလ်ဘတ်ရီရာသည် ဖရန့်ဖတ်အသင်းကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၃ပွဲတွင် ၄ပွဲနိုင်၊ ၄ပွဲသရေ၊ ၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ အဲလ်ဘတ်ရီရာအနေဖြင့် ဖရန့်ဖတ်အသင်းနည်းပြရာထူးမှ အမှန်တကယ်ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ရှယ်ရယ်ဒိုဘက်ကာအား မိန့်ဇ်အသင်း အပြီးသတ်ခေါ်ယူ

**မြူးနစ် မေ ၁၀**

မိန့်ဇ်အသင်းသည် အိုဆာဆူနာအသင်းမှ အငှားဖြင့် ခေါ်ယူထားသော တိုက်စစ်မှူး ရှယ်ရယ်ဒိုဘက်ကာအား အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် အိုဆာဆူနာအသင်းမှ မိန့်ဇ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၁ပွဲကစားကာ နှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မိန့်ဇ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ရှယ်ရယ်ဒိုဘက်ကာ "ကျွန်တော် မိန့်ဇ်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့ခဲ့ပါပြီ။ ဒီအသင်းက ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**





## ဒါဝင်နူးနက်ဇ်ကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်

**လန်ဒန် မေ ၁၀**

နယူးကာဆယ်အသင်းသည် ဆော်ဒီကလပ် အယ်လ်ဟီလာအသင်းနှင့်အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး ဒါဝင်နူးနက်ဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

တိုက်စစ်မှူး ဒါဝင်နူးနက်ဇ်ကလည်း အယ်လ်ဟီလာအသင်းနှင့်အဆင်မပြေဖြစ်နေပြီး ပရီးမီးယားလိဂ်သို့ တစ်ကျော့ပြန် လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်ဟီလာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၄ပွဲကစားပြီး ကိုးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(အပေါ်ဝဲပုံ)**

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အယ်လ်ဟီလာအသင်းထံမှ ဒါဝင်နူးနက်ဇ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## နီကလက်စ်ဆူးလေ ဘောလုံးကစားသမားဘဝမှ အနားယူ

**မြူးနစ် မေ ၁၀**

ဒေါ့မွန်အသင်း နောက်ခံကစားသမား နီကလက်စ်ဆူးလေသည် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဟော့ဖန်ဟိမ်း၊ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်စသည့် အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဂျာမနီလက်ရွေးစင်အသင်းနှင့်လည်း ၂၀၁၆မှ ၂၀၂၃ခုနှစ်အထိ ပြိုင်ပွဲ ၄၉ပွဲကစားကာ တစ်ဂိုးသွင်းယူထားသည်။

အသက်(၃၀)နှစ်အရွယ်ရှိ နီကလက်စ်ဆူးလေက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ You Xiaodi တက်ရောက်

**ပေကျင်း မေ ၁၀**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အိမ်ရှင် တရုတ်တင်းနစ်မယ် You Xiaodi တက်ရောက်ခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်မယ် You Xiaodi သည် 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းနေသူ Yao Xinxin အား ၇-၅၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်တရုတ်တင်းနစ်မယ် You Xiaodi နှင့် En-Shuo Liang တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၂-၅-၂၀၂၆ နံနက်ဝ၁း၃၀နာရီ | (၁၁) ဗယ်လက်ကာနိ - ဂျီရိုနာ(၁၇) (W,D,W,W,W) (W,D,L,L,L) | ဗယ်လက်ကာနိ ၂-၁ ဂျီရိုနာ<br>ဂျီရိုနာ ၀-၀ ဗယ်လက်ကာနိ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၂-၅-၂၀၂၆ နံနက်ဝ၁း၁၅နာရီ | (၂) နာပိုလီ - ဘိုလော့ဂ်နာ(၁၀) (W,D,L,W,D) (W,L,L,L,D) | နာပိုလီ ၃-၀ ဘိုလော့ဂ်နာ<br>ဘိုလော့ဂ်နာ ၁-၁ နာပိုလီ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၂-၅-၂၀၂၆ နံနက်ဝ၁း၃၀နာရီ | (၁၇) စပါး - လိဒ်စ်(၁၄) (L,L,D,W,W) (W,W,D,L,W) | စပါး ၄-၃ လိဒ်စ်<br>လိဒ်စ် ၁-၄ စပါး |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဒု-အကျော့ ဆီမီးဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၂-၅-၂၀၂၆ နံနက်ဝ၁း၃၀နာရီ | မီဒဝါလ် - ဟားလ်စီးတီး | ဟားလ်စီးတီး ၀-၀ မီဒဝါလ် |



# လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံ

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံပွဲကို ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၃၂၀)၊ ၂၇ လမ်းနှင့်၂၈လမ်းကြား၊ လမ်း ၆၀ ရှိ အောင်သိဒ္ဓိမွှာရုံတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူး ဦးစန်းမောင်နှင့်ကော်မတီဝင်များ၊ ပြည်ကြီးမျက်မှန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်သန်းနှင့် ရပ်ကွက်ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုစုပေါင်း အင်အား ၆၀ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က နိုင်ငံတော်မှ ချမှတ်ထားသော ရက်(၁၀၀) စီမံချက်လုပ်ငန်းစဉ်များအရ ပြည်သူများရဲ့ လိုအပ်ချက်ဖြစ်တဲ့ လမ်းမီးတိုင်များနှင့် လျှပ်စစ်မီးအချိန်မှန်ရရှိရေးကို သက်ဆိုင်ရာဌာနများနဲ့ ချိတ်ဆက်ကာ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က စည်းကမ်းမဲ့ ဝိုင်ဖိုင်ကြိုးတပ်ဆင်ထားရှိမှုများနှင့် မြေလျှင်ဒဏ်ကြောင့် ထောက်ပံ့ကြေးပေးရာတွင် အိမ်ထောင်စုနှင့် မိသားစုလူဦးရေစာရင်းမှားပေးကြသည့်အတွက် ပြည်သူလူထုမှ နစ်နာကြောင်းတို့ကိုပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အကွက်မှူးများအနေဖြင့် မိမိရပ်ကွက်၏လို အပ်ချက်များကိုကြည့်ရှုပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးအား တင်ပြကာ လိုအပ်ချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့နယ်ပါတီဥက္ကဋ္ဌက မြို့နယ်ပါတီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ ပြည်သူများက စည်ပင်သာယာအမှိုက်သိမ်းစနစ်ကောင်းမွန်စေရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် အမြန်ဆောင်ရွက်ပေးရန်တို့ကိုတင်ပြကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များသည် ရပ်ကွက်အတွင်း ကွင်းဆင်း၍ တင်ပြချက်များကို လိုက်လံကြည့်ရှုကာ ရေနုတ်မြောင်းများနှင့် အမှိုက်သိမ်းစနစ်များကိုလည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး လျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ချမှတ်ထားသော ရက်(၁၀၀)စီမံချက်လုပ်ငန်းစဉ်များအရ ပြည်သူလူထု၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ပြည်သူများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၁)

# စားသုံးသူကာကွယ်ရေးလုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ သင်တန်းပို့ချဆွေးနွေး

**မန္တလေး မေ ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် ဦးစီးမှူးရုံးတွင် မေ ၈ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၇နှင့်၈)ပါ စားသုံးသူရေးရာကော်မတီဖွဲ့စည်းခြင်း လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ သင်တန်းပို့ချခဲ့သည်။ (အောက်ပုံ)

သင်တန်းတွင် မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားသည်။ သင်တန်းတွင် ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့မှ ဝန်ထမ်းများက အွန်လိုင်းဖြင့် သင်တန်းတက်ရောက်ကြကြောင်း သိရသည်။ (ဝ၄၅)




# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မေ ၉ ရက် နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုးတို့နှင့်အတူ အောင်မင်္ဂလာကျေးရွာ၌ ဦးမင်းအောင်၏ အောင်မြင်ဖြစ်ထွန်းနေသည့် ငွေနှင်းမှို စိုက်ပျိုးထားရှိမှုနှင့် ဝမ်တောင်းကျေးရွာ၌ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်အတူ အလက-ခွဲ(ဝမ်ကောင်း)နှင့် အ·မ·က(ကော့ခွယ်)တို့၌ ကျောင်းသန့်ရှင်းရေး၊ စာသင်ဆောင်ကြံ့ခိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စိုင်းအောင်ဇော်လင်း

# ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**ကျောက်ဆည် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သင်တောင်းကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းက ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ရေတွင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျောက်ဆည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းနှင့်အဖွဲ့ဝင်များ၊ ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး အဆင့်(၂) ဒေါ်အမာကြည်နှင့် ကျေးလက်ကျန်းမာရေး ဆရာမများ ပူးပေါင်း၍ သင်တောင်းကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ငါးနှစ်အောက်ကလေးများအား ကာကွယ်ဆေးတိုက်ခြင်း၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျေးရွာနေပြည်သူများ အသုံးပြုလျက်ရှိသော ရေတွင်း၊ ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (၄၈၅)






# JAPAN KARATE ASSOCIATION (JKA) Technical Seminar (၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် အားကစားနှင့် ကာယပညာကော်မတီ၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်နှင့် JAPAN KARATE ASSOCIATION (JKA)တို့ ပူးပေါင်းဖွင့်လှစ်သည့် APAN KARATE ASSOCIATION(JKA) Technical Seminar (၁/၂၀၂၆) ဖွင့်ပွဲကို မေ ၉ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်ခရိုင် အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။ (အပေါ်ပုံ)

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်က JAPAN KARATE ASSOCIATION (JKA) Technical Seminar Pyin Oo Lwin(၁/၂၀၂၆) ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယခင်အပတ်စဉ်မှ Dan စာမေးပွဲဖြေဆိုအောင်မြင်သူများကို ဆရာ Taniyamau က Dan Certificate များကို ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ကရာတေးအဖွဲ့များက သရုပ်ပြသခဲ့သည်။



ထို့နောက် တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သွေးသွေး

(ခရိုင် ပြန်/ဆက်)

ရေနုတ်မြောင်းများသည် အမှိုက်စွန့်ပစ်ရန် နေရာမဟုတ်ပါ။

## မကွေးမြို့နယ်တွင် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



မကွေး မေ ၁၀

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ဖြင့် ကပ်နှိပ်ရောင်းချရမည့် စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်း၊ ရွှေထည်လက်ဝတ်ရတနာများ၊ ရုပ်သံလွှင့်မီဒီယာများ၊ လက်ကိုင်ဖုန်း (Hand-set) ဆက်စပ်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက မကွေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခိုင်ကိုက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်း၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းထိုက်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း အင်အား ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

*-*-*-*-*-*-*



## လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံ

ကွန်ဟိန်း မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို မေ ၉ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။ (အပေါ်ပုံ)

ထို့နောက် ကွန်ဟိန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များက မိတ်ဆက်စကားများ ပြောကြား၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးရေးမှူးများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတူတကွ ပေါင်းစပ်ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူ့အကျိုးပြုဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ဌာနတွင် ပူးပေါင်းပါဝင်ကူညီခဲ့သော အသင်းအဖွဲ့များအား ဂုဏ်ပြု

မန္တလေး မေ ၁၀

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ဌာနတွင် သင်္ကြန်ပွဲတော်ကာလအတွင်း အရေးပေါ်လူနာ ကုသမှုဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီခဲ့ကြသော မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုပွဲကို မေ ၈ ရက် မွန်းလွဲ ၃ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀ ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ မန်းတောင်ရိပ် (၉) ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက အရေးပေါ်လူနာကုသမှုများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သော မန္တလေးမြို့ရှိ စေတနာ်လူမှုကူညီရေးအသင်း၊ ကျောက်ဖလီလူမှုဆောင်ရွက်ရေးအသင်း၊ စကြာသာမှုနာမှုအသင်း၊ သုခဘုံ လူမှုကူညီရေးအသင်း၊ ချမ်းမြသီတာလူမှုကူညီရေးအသင်း၊ နရသုခီ လူမှုကူညီရေးအသင်း၊ အဖြူရောင်နှင်းဆီနှင့် အဖြူရောင်လူမှုကယ်ဆယ်ရေးအသင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ) (ဝ၄၅)



## မိုင်းယုမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုင်းယု မေ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့တွင် မြို့သန့်ရှင်းသပ်ရပ်သာယာလှပစေရေးအတွက် အပတ်စဉ် စနေနေ့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မေ ၉ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းကို မြို့အုပ်ချုပ်ရေးမှူး ဦးလောထွေး၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကျောင်းပတ်ဝန်းကျင်ရှိ မြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းရှေ့ရေနုတ်မြောင်းတစ်လျှောက် စုပေါင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မိုင်းယု(ပြန်/ဆက်)



## ဆီထွက်သီးနှံ မိုးနေကြာ စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံ မိုးနေကြာ (ရေဆင်း-၁ စပ်မျိုး) စံပြကွက် စိုက်ပျိုးခြင်း၊ ကွင်းသရုပ်ပြခြင်းကို ယမန်နေ့ နံနက် ၇ နာရီက တပ်ကုန်းကျေးရွာ၊ ကွင်းအမှတ် (၄၉၅) တောင်သူ ဦးကျော်ဝင်းစိုး၏ ယာမြေငါးဧက၌ ကျင်းပခဲ့သည်။

"ကျွန်းလှမြို့နယ်မှာ မိုးနေကြာစံပြကွက် စိုက်ပျိုးတဲ့ တောင်သူတွေကို ဒေသရာသီဥတုနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ အချိန်မီစိုက်ပျိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။ (အောက်ဝဲပုံ)



အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်က နေကြာမျိုးစေ့များ ပေးအပ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## လိုင်းကြိုးပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်

မိတ္ထီလာ မေ ၁၀

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ နှစ်ရှည်လက်ပံပင် အောက်ခြေမှ ကျိုးပဲ့လဲကျမှုကြောင့် 33/11kv(5)MVA ဖလန်ကျင်းခွဲရုံ၏ ရေဝေဓာတ်အားလိုင်းရှိ Tension H Pole၊ Suspension Arm နှင့် ACSR 95 mm 2 လိုင်းကြိုး ကျိုးပဲ့ပျက်စီးခဲ့သဖြင့် ယမန်နေ့က ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်။

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေး ညောင်ပင်သာကျေးရွာအနီးတွင် နှစ်ရှည်လက်ပံပင်သည် အောက်ခြေမှ ကျိုးပဲ့လဲကျမှုကြောင့် 33/11kv (5) MVA ဖလန်ကျင်းခွဲရုံ၏ ရေဝေဓာတ်အားလိုင်းရှိ Tension H Pole နှစ်တိုင်စင် ကျိုးပဲ့ပျက်စီးခဲ့ပြီး Suspension Arm သုံးချောင်းနှင့် ACSR 95 mm 2 လိုင်းကြိုး ပေ ၁၃၀ ခန့် ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၆၉)



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## အသစ်ဝင် နွေနှမ်းများ အဝင်များလာ၍ ဈေးကျဆင်းနေသော်လည်း ဝယ်လိုအားကောင်းနေ



မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် အသစ်ဝင်နှမ်းများလာသောကြောင့် ဈေးအနည်းငယ်ကျဆင်းသော်လည်း ဈေးကွက်အတွင်း အဝင်ရှိသလောက် အဝယ်လည်းရှိနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း အသစ်ဝင်ပဲများတွင် ပဲကြီးတစ်မျိုးသာ ဈေးကောင်းရရှိနေပြီး မြေပဲဆန်၊ နှမ်းတို့မှာ ဈေးကျဆင်းလျက်ရှိသည်။

ပြည်တွင်းပဲနှမ်းဈေးကွက်တွင် အထက်အညာဒေသမှ မြေပဲ၊ နွေနှမ်း၊ ပဲကြီး၊ ကျွန်းစားတော်ပဲများ အသစ်ဝင်ရောက်လာလျက်ရှိရာ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အသစ်ဝင်ရောက်မှုများလာသောကြောင့် ဈေးကွက်အတွင်း ဈေးအနည်းငယ်ကျဆင်းနေကြောင်း၊ ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပို့ကုန်ပဲအုပ်စုမှာ ယခင် သီတင်းပတ်အတိုင်း ဈေးငြိမ် လျက်ရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"မြေပဲဆန်ကတော့ အနည်းငယ် ဈေးကျဆင်းမှုရှိပေမယ့် အရောင်းအဝယ်ကတော့ကောင်းနေပါတယ်။ အသစ်ဝင်မြေပဲဆန်၊ နှမ်းနက်တွေ အဝင်ကောင်းနေပါတယ်။ လက်ရှိမှာ ဈေးကွက်ထဲကို စုပြုံအဝင်ရှိလာတော့ ဈေးအနည်းငယ် ကျဆင်းလာတာပါ။ ပြည်တွင်းသုံး ကုလားပဲတွေကလည်း တစ်အိတ်ချင်းတစ်ထောင်တက်လိုက် ကျလိုက်နဲ့ ပုံမှန်အရောင်းအဝယ်ရှိပါတယ်။ ပို့ကုန်ပဲတွေကတော့ အဝယ်အေး ဈေးအေးနေတုန်းပါ။ နွေနှမ်းတွေကတော့ အသစ်ဝင်တွေ များလာသော အဝယ်ဈေးကျဆင်းနေတာပါ" ဟု ၎င်းက ပြောသည်။

မေ ၁၀ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၄၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၈၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်၊ အကျ ရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၃၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ မေ ၁၀ ရက်တွင် ပဲကြီး တစ်အိတ်လျှင်ငွေကျပ် ၅၇၀၀၀၀-၅၈၀၀၀၀၊ ကျွန်းစားတော်ပဲ(အသေး)တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀၊ ပဲနီပြား(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ မေ ၁၀ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ပေါက်ဈေး ရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမဆုံးဧပြီလ ဆန်၊ ဆန်ကွဲတန်ချိန် ၁၆၀၀၀၀ ကျော်တင်ပို့

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမဆုံး ဧပြီလအတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၁၆၉၅၅၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်သော စာရင်းများအရ သိရသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် သုံးသန်း တင်ပို့ရန် လျာထားခဲ့ပြီး ဆန်တန်ချိန် ၂ ဒသမ ၇ သန်းကျော် ၂၇၄၀၇၃၉ တင်ပို့နိုင်ခဲ့သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမလတွင် ဆန်တန်ချိန် ၁၆၉၅၅၉ ကျော်၊ ၂၀၂၅-၂၀၂၆ ဧပြီလတွင် ၁၄၂၇၈၈၊ ၂၀၂၄-၂၀၂၅ ဧပြီလတွင် ၁၁၁၈၆၂ တန် တင်ပို့ခဲ့ရာ သုံးနှစ်အတွင်း ယခုနှစ် ဧပြီလတွင် အများဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ် ပထမဧပြီလတွင် ဆန်တန်ချိန် ၈၁၁၄၂ တန်၊ ဆန်ကွဲတန်ချိန် ၈၈၄၁၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုတစ်မျိုးတည်းက တင်ပို့ခဲ့ခြင်းဖြစ်သည်။ ဧပြီလတွင် ဆန်တင်ပို့မှုကုမ္ပဏီ ၄၄ ခုမှ နိုင်ငံပေါင်း ၂၁ နိုင်ငံသို့ တင်ပို့ခဲ့ရာ မာဒါဂတ်စ်ကာနိုင်ငံက တန်ချိန် ၂၀၀၀ဖြင့် ပထမအများဆုံး ဝယ်ယူခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံက ဒုတိယ ၁၉၈၅၈ တန် ဝယ်ယူပြီး တရုတ်နိုင်ငံက ၁၂၃၀၉ တန်ဖြင့် တတိယအများဆုံး ဝယ်ယူခဲ့သည်။

ဆန်ကွဲကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူပြီး ဘယ်လ်ဂျီယံ၊ စပိန်၊ ပိုလန်၊ အီတလီနိုင်ငံတို့က အသီးသီးဝယ်ယူလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ၁၂လတာကာလအတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၂၇၄၀၇၃၉ တန် အမေရိကန်ဒေါ်လာ ၈၆၁ မီလီယံတန်ဖိုးကို ပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀

## သကြားပြောင်းဖူး ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်လျက်ရှိ

သကြားပြောင်းဖူးသည် လူကြိုက်များပြီး ဈေးကွက်ခိုင်မာသည့် သီးနှံဖြစ်သဖြင့် တောင်သူများ ရာသီအလိုက် သီးထပ်စိုက်ပျိုးလျက်ရှိရာ နေ့စဉ်မပြတ် အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိသည်။

ယခု ဧပြီလ စတုတ္ထပတ်တွင် မန္တလေးဈေးကွက်သို့ ပြောင်းဖူးဝင်ရောက်မှု အနည်းငယ် လျော့နည်းသွားခြင်းကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာသော်လည်း အရောင်းအဝယ် ပုံမှန်ဖြစ်ထွန်းလျက်ရှိသည်။

သကြားပြောင်းဖူးဈေးနှုန်းများအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဧပြီလ(စတုတ္ထပတ်)တွင် ပြောင်းဖူး အရွယ်အစား၊ အစေ့အောင်မြင်မှုနှင့် သီးနှံလတ်ဆတ်မှုအပေါ်မူတည်၍ သကြားပြောင်းဖူးစိမ်း တစ်ဖူးလျှင် ငွေကျပ် ၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ ယင်းဈေးနှုန်းမှာ ဧပြီလ ပထမပတ်နှင့် နှိုင်းယှဉ်ပါက တစ်ဖူးလျှင် ငွေကျပ် ၅၀ ခန့် ဈေးတက်လာခြင်းဖြစ်သည်။

ယခုကဲ့သို့ နွေရာသီကာလတွင် ပြောင်းဖူးသီးနှံကို ဝယ်ယူစားသုံးသူ ပိုမိုများပြားလျက်ရှိကြောင်း၊ ပြောင်းဖူးသည် လူ့ခန္ဓာကိုယ်ကို ခွန်အားဖြစ်စေပြီး ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံတစ်မျိုးဖြစ်သဖြင့် စားသုံးသူများအကြား ဝယ်ယူစားသုံးမှု မြင့်မားနေခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

လက်ရှိတွင် မန္တလေးမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ အကြော်ဆိုင်များနှင့် အသုပ်မျိုးစုံရောင်းချသည့်ဆိုင်များမှ အများအပြား ဝယ်ယူလျက်ရှိခြင်းကြောင့် နေ့စဉ် အရောင်းအဝယ်သွက်လျက်ရှိကြောင်းနှင့် သကြားပြောင်းဖူးမှာ ဈေးကွက်အတွင်း ပုံမှန်ဝင်ထွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



## စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးမည်

နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်အရ တောင်သူများ၏ လယ်ယာထုတ်ကုန် ထုတ်လုပ်မှုမြင့်တင်နိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နှုန်းထားသစ်ဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်သည်။



စိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ထုတ်ချေးမည့် နှုန်းထားများမှာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစတင်၍ ပြောင်းလဲထုတ်ချေးပေးမည်ဖြစ်ရာ စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ(မျိုးစေ့ထုတ်)၊ တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ အစား ငွေကျပ် သုံးသိန်းသို့ တိုးမြှင့်ပေးမည် ဖြစ်ပြီး အခြားသီးနှံ ၁၈ မျိုးကို တစ်ဧကလျှင် ငွေကျပ် တစ်သိန်းအစား ငွေကျပ် နှစ်သိန်းခွဲတိုးမြှင့်ပေးမည်ဖြစ်သည်။

ပန်းနှမ်း၊ ဆီအုန်းနှင့် ဂုန်လျှော် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းအစား ငွေကျပ် တစ်သိန်းခွဲသို့ တိုးမြှင့်ပေးမည်ဖြစ်သည်။

ချေးငွေအမျိုးအစားနှင့် ထုတ်ချေးကာလများမှာ မိုးချေးငွေ ၂၀၂၆ ခုနှစ် မေလမှ စက်တင်ဘာလကုန်အထိ၊ ဆောင်းချေးငွေ ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၇ ဇန်နဝါရီလကုန်အထိ၊ မိုးကြိုချေးငွေ ၂၀၂၇ ဇန်နဝါရီလမှ မတ်လကုန်အထိ ထုတ်ချေးပေးမည်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ရာခိုင်နှုန်း သတ်မှတ်ထားသည်။

ထို့ပြင် လယ်ယာသုံးစက်ကိရိယာအစီအစဉ်များမှာ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများကိုလည်း ချေးငွေဖြင့် ဝယ်ယူနိုင်သည်။ လယ်ယာသုံးစက်ကိရိယာချေးငွေအစီအစဉ်ကို တစ်ဦးလျှင် ချေးငွေပမာဏ ငွေကျပ်သိန်း ၁၀၀ မှ ၅၀၀၀ အထိ ကဏ္ဍာနှစ်ရပ်ခွဲ၍ ချေးယူနိုင်သည်။ အဆိုပါအစီအစဉ်အရ ငွေကျပ်သိန်း ၁၀၀ မှ ၃၀၀၀ အထိကို ကဏ္ဍာတစ်ရပ်အနေဖြင့် လည်းကောင်း၊ ငွေကျပ်သိန်း ၃၀၀၀ မှ ငွေကျပ်သိန်း ၅၀၀၀ အထိကို ကဏ္ဍာတစ်ရပ်အနေဖြင့် လည်းကောင်း ချေးယူနိုင်မည်ဖြစ်ရာ အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ခြောက်ရာခိုင်နှုန်း၊ ဆပ်ရမည့်ကာလမှာ တစ်နှစ်-သုံးနှစ်-ငါးနှစ်ကာလများအတိုင်း ရွေးချယ်၍ ဆပ်နိုင်သည်။

ဝယ်ယူနိုင်သည့်စက်များမှာ လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ဆိုလာရေတင်စက်၊ အခြောက်ခံစက်နှင့် ဆန်စက် စသည်တို့ ပါဝင်သည်။ ချေးငွေလျှောက်ထားလိုသူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ-၇ မူရင်းတင်ပြရမည်ဖြစ်ပြီး တောင်သူလယ်သမားများနှင့် သမဝါယမအသင်းဝင်များကို ဦးစားပေးထုတ်ချေးပေးမည်ဖြစ်ရာ ချေးငွေကို မေ ၁၂ ရက်မှစတင်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ခရိုင်၊ မြို့နယ်)ဘဏ်ခွဲများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

## ရက်(၁၀၀)စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ချောက် မေ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်အတွင်းရှိ ကျေးရွာသုံးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။



ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချောက်မြို့နယ်၊ မိုလာကျေးရွာနှင့် ရေနံချောင်းမြို့နယ်၊ တောင်ရှားတာကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ စီဖြင့် ဦးစားပေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့နောက် ရေနံချောင်းမြို့နယ်၊ ဘဲဆိပ်ကျေးရွာ၌ ခွင့်ပြုငွေကျပ် ၂ ဒသမ ၁၇၈ သန်းဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းကို သင်တန်းသား ၂၀ ဦးဖြင့် မေ ၆ ရက်မှ ၁၀ရက်အထိ ငါးရက်ကြာအခမ်းဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) နော်လူး**

## စားသုံးသူရေးရာကာကွယ်ရေးအသိပညာပေး Talk Show ကျင်းပ

**မြစ်သား မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်သူ့စာကြည့်တိုက်၌ စားသုံးသူရေးရာကာကွယ်ရေး အသိပညာပေး Talk Show ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင်က စားသုံးသူရေးရာ ကာကွယ်ရေး အသိပညာပေး Talk Show ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန မြစ်သားမြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မော်မော်အောင်က စားသုံးသူကာကွယ်ရေး ဥပဒေပါ စားသုံးသူအခွင့်အရေး ရှစ်ချက်တွင် ပါဝင်သည့် စားသောက်ဆိုင်များ၌ စားသုံးသူများအား သတင်းအချက်အလက်များ မှန်ကန်စွာ သိရှိခွင့်နှင့် စားသုံးပြီးပါက ပြေစာ(သို့မဟုတ်) အထောက်အထားများ ပေးရမည်ဖြစ်ကြောင်း၊အစားအသောက်ကိုင်တွယ်ရောင်းချသူများ သတိပြုလိုက်နာရန် အချက်များမှ သန့်ရှင်းလတ်ဆတ်သော အစားအစာများကို ရောင်းချစေရန်၊ အစားအသောက်ကိုင်တွယ်ပြင်ဆင်သူသည် မိမိ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်နှင့် ရက်လွန်အစားအသောက်များကို ရောင်းချခြင်းမပြုရန်၊ အစားအသောက်များ ကိုင်တွယ်ရာတွင် တစ်ခါသုံးလက်အိတ်ကို အသုံးပြုရန်နှင့် အစားအသောက်ကိုင်တွယ်ရောင်းချသူများအနေဖြင့် ကျန်းမာရေးဆေးစစ်ချက်များခံယူရန် လိုအပ်ကြောင်းစသည့် အကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့် (မြစ်သား)**

## စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားနိုင်ရေး တွေ့ဆုံရှင်းလင်းပွဲ ကျင်းပ

**မြစ်သား မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း Grade-9 အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူ မိဘများအား တွေ့ဆုံရှင်းလင်းပွဲကို မေ ၇ ရက် နံနက် ၁၀ နာရီက ရွာခိုင်ကြီးကျေးရွာနှင့် သပြေတောင်းကျေးရွာများ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်သင်းသီရိက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာနေလွင်ထူးနှင့် ဝန်ထမ်းများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ ဆက်လက်ပညာသင်ကြားနိုင်ရေး တွေ့ဆုံရှင်းလင်းရခြင်း၏ ရည်ရွယ်ချက်များဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုး၊ မွေးမြူရေး ပညာရပ်များ တစ်နိုင်ငံလုံးသို့ ပြန့်ပွားစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်စေရန်၊ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်သော ကျောင်းသား၊ ကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာအဖြစ် လမ်းသွယ်များ ဖွင့်လှစ်သင်ကြားပေးရန်၊ အစိုးရနှင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး ကျွမ်းကျင်လုပ်သားများ (Skilled Workers) ပြုစုပျိုးထောင်ပေးရန် စသည့် ရည်ရွယ်ချက်များ၊ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆောင်ရွက်မည့် အစီအစဉ်များ၊ ကျောင်းသား၊ ကျောင်းသူခေါ်ယူမည့် အစီအစဉ်များ၊ သတ်မှတ်အရည်အချင်းများ၊ ပေးအပ်မည့် အောင်လက်မှတ်များအကြောင်း၊ စာသင်နှစ်အလိုက် သင်ကြားပို့ချမည့် ဘာသာရပ်နှင့် စာသင်ချိန်များ၊ အထက်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်နိုင်မည့် အခွင့်အလမ်းများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံရှင်းလင်းပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**ဝါဝါမြင့် (မြစ်သား)**






ဖတ်စရာ၊ မှတ်စရာ
စုံလင်

## အလှတရားကို ဖွေရှာကြည့်ခြင်း

* မှန်ရှေ့က မခွာ
ရုပ်လှအောင် ပြုပြင်ရ
ဘဝခန္ဓာ။

* ခန္ဓာမှာ စိတ်အလှ
အရေးကြီးပေတာ
မြတ်ဗုဒ္ဓဟောကြားဒေသနာ။

* ဘဝဝယ်
စာစုံဖတ်မယ်
ရုပ်ခန္ဓာ ဘယ်လိုအိုစေ
နှပျိုလာ စိတ်အသိရယ်ကြောင့်
စိတ်ချမ်းသာ ရုပ်ကျန်းမာလို့
စာဖတ်ရှိန်မြင့်တင်ကြစို့။ ။

**မြတ်ထေရ်ကျော်**




## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**မောက်မယ် မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသက်နိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်များကို ကဏ္ဍအလိုက် အသီးသီးပေးအပ်ခဲ့ရာ သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်မျိုးအေးသိန်းက ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**





## ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော် တင်လှူပွဲကျင်းပ

**မြင်းခြံ မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ဆန္ဒတော်ပြည့်စေတီတော် (ဒုတိယအကြိမ်) ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့်ရတနာစိန်ဖူးတော်တင်လှူပွဲအခမ်းအနားကို ကဆုန်လပြည့်ကျော် ၉ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားကို 'နမော တဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဇောတိပါလ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။ ဆက်လက်၍ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို သံဃာတော်များထံ ဆက်ကပ်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အလှူရှင်များက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်အပ်နှင်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ လှူဒါန်းမှုအစုစုအတွက် မင်းကွန်းမိုးမိတ်ကုန်းမြေတိပိဋက နိကာယကျောင်းတိုက် တိပိဋက နှစ်ပုံခွဲအောင် အဂ္ဂမဟာအကျော် ဘဒ္ဒန္တဝါသေဋ္ဌထံမှ အနုမောဒနာ ရေစက်ချတရားနာယူခဲ့ကြသည်။

ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့်ရတနာစိန်ဖူးတော်တို့အား ဆန္ဒတော်ပြည့်ဘုရား ရင်ပြင်တော်တွင် လက်ယာရစ်လှည့်လည် အပူဇော်ခံခဲ့ပြီး ပန်းရထားဖြင့် ပင့်ဆောင်ကာ တင်လှူခဲ့ကြသည်။ မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီတော်(ဒုတိယအကြိမ်) ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော် အထွတ်တော်တင်ပွဲ အခမ်းအနားသို့ နယ်မြေခံတပ်မမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ပြုံးကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမြင့်၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ) ချစ်ဦးနွေ(မြင်းခြံ)

## အရံစေတီလေးဆူအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ ကျန်စစ်မင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် အာနန္ဒာဘုရားကြီး တိုက်မပေါ်ထပ်ရှိ စေတီအရံလေးဆူ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို မေ ၉ ရက် နံနက် ၁၁ နာရီက ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တာဝန်ရှိသူများက အရံစေတီလေးဆူအား လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်ခဲ့သည်။

အာနန္ဒာမြတ်စွာဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးခဲ့သည့် တိုက်မကြီးလိုဏ်အတွင်းရှိ မတ်ရပ်ရုပ်ပွားတော်ကြီးလေးဆူနှင့် အထွတ်စေတီတို့အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ရာ ယခုအခါ အရံစေတီလေးဆူအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နေပြီဖြစ်ကြောင်း၊ အဆိုပါရွှေသင်္ကန်း လုံးတော်ပြည့် ကပ်လှူရာသို့ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက စတင်ကပ်လှူနေပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၁)





## သာသနတက္ကသိုလ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်နှင့် ဓမ္မသဘင်ကျင်းပ

**မိုင်းယောင်း မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်း သာသနာ့ဗိမာန်တော်၌ ယမန်နေ့ည ၇ နာရီက သာသနတက္ကသိုလ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့်ဓမ္မသဘင် ကျင်းပခဲ့သည်။

သာသနတက္ကသိုလ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ထေရဝါဒဗုဒ္ဓသာသနာပြု(ဝမ်ဇလီလော်)ကျောင်းဆရာတော် အရှင်ဝဏ္ဏသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်း လက်ထောက်ဆရာတော်များဖြစ်သည့် အရှင်လက္ခဏနှင့် အရှင်သုဒဿန၊ ထေရဝါဒဗုဒ္ဓသာသနာပြု (မိုင်းယု)ကျောင်း လက်ထောက်ဆရာတော် အရှင်ဣန္ဒောဘာသတို့အား ဂုဏ်ပြုပူဇော် ဂုဏဝိသိဋ္ဌပူဇာ ဓမ္မသဘင်ပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဝင် ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းဟန်)ကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဋိလက တရားဟောကြားတော်မူရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘွန်းစီ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့် တာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ တရားနာ ဧည့်ပရိသတ်များ၊ ဒေသခံပြည်သူများ တက်ရောက်၍ တရားနာယူကြကြောင်း သိရသည်။

(အပေါ်ပုံ)

စိုင်းအောင်ဇော်လင်း

## (၅၇)ကြိမ်မြောက် မန္တလေး ချမ်းသာကြီး ဆွမ်းဆန်တော်လောင်းလှူနိုင်ရေး ညှိနှိုင်းစည်းဝေး

**ပုသိမ်ကြီး မေ ၁၀**

(၅၇)ကြိမ်မြောက် မန္တလေး ချမ်းသာကြီး ဆန်လှူအသင်းကြီးတွင် ဆွမ်းဆန်တော်လောင်းလှူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ပုသိမ်ကြီးမြို့ ချမ်းသာကြီး ဆန်လှူအသင်းခွဲဥက္ကဋ္ဌ ဦးထွန်းခင်နေအိမ်၌ မေ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ အသင်းသား၊ အသင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။ ဆက်လက်၍ အသင်းခွဲနာယက ဦးမောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပုသိမ်ကြီးမြို့ ချမ်းသာကြီး ဆန်လှူအသင်းခွဲဥက္ကဋ္ဌ ဦးထွန်းခင်က အသင်းကြီး ရေရှည်တည်တံ့နိုင်ရေးနှင့် ဆွမ်းဆန်တော်များ ရရှိနိုင်ရေးအတွက် အသင်းသူ၊ အသင်းသားများက စေတနာထားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဌေးက ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

အဆိုပါ မန္တလေး ချမ်းသာကြီး ဆန်လှူအသင်းကြီးသည် နှစ်စဉ် ဝါဆိုလပြည့်ကျော် ၈ ရက်တွင် သံဃာတော်များအား ဆွမ်းဆန်တော် လောင်းလှူကြကြောင်း သိရသည်။

(အောက်ပုံ) (ဝ၉၁)



## အငြိမ်းစားသူနာပြုနှင့် သားဖွားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့

**လားရှိုး မေ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ် အငြိမ်းစားသူနာပြုနှင့် သားဖွားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့က လားရှိုးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်(စီမံ) ဒေါ်နန်းခမ်းနွမ်းယုနှင့် ဆရာမများ၊ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း၊ သင်တန်းသား၊ သင်တန်းသူများက အငြိမ်းစားသူနာပြုနှင့် သားဖွားဆရာကြီး၊ ဆရာမကြီးများအား ရှိခိုးကန်တော့ကြသည်။

ထို့နောက် လားရှိုးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်(စီမံ)နှင့် တာဝန်ရှိသူများက အငြိမ်းစားသူနာပြုနှင့် သားဖွားဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၄၀ ဦးအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ပြီး အငြိမ်းစားသူနာပြုနှင့် သားဖွားဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာမကြီး တစ်ဦးက ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

လှမော်(ပြန်/ဆက်)



## လူမှုရေးပင်စင်ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေး

**ပုသိမ်ကြီး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် လူမှုရေးပင်စင် ထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုရေးပင်စင်ထောက်ပံ့ရေးအတွက် စာရင်းကောက်ယူရာတွင် သိရှိလိုက်နာရမည့်အချက်များကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်သူဇာအောင်က ဆွေးနွေးတင်ပြခဲ့သည်။ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မေဝတီ(ပုသိမ်ကြီး)

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃)၊ ဦးပိုင်အမှတ် (၁-ခ)၊ ၄၁လမ်း၊ ၈၃လမ်းနှင့်၈၄လမ်းကြားရှိ ကိုအုန်းခင်၊ မသီး အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်း ဦးအုန်းခင် ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်သီး(၉/မရတ(နိုင်)၀၅၄၁၃၂)က အမည်ပေါက်မြေပုံ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ရှိ ဘိုးဘပိုင်မြေ (၂၁၅×၂၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်အား မူလပိုင်ရှင် ဦးကြည်စိုးထံမှ ဦးမောင်သိန်း(၉/အမရ(နိုင်)၁၃၂၃၇၈)ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်ခဲ့ရာ ယခုအခါ ဦးမောင်သိန်းမှ ကျွန်ုပ်၏မိတ်ဆွေထံ လွှဲပြောင်းရောင်းချရာ ရောင်းကြေးငွေများအနက် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ ရောင်းချသည့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၀)**
**မြစ်လောင်းရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၂၅၉၂၂၄၃၂၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၁၃၉လမ်း၊ ၄၄လမ်းနှင့်၄၅လမ်းကြားရှိ (၄၃×၆၉) ပေ ဘိုးဘပိုင်မြေကွက်အား ဦးကျော်ကျော်မျိုး(၉/အမရ(နိုင်)၁၂၃၂၄၈) လက်ရှိပိုင်ဆိုင်ပြီး ယခုအခါ ဦးကျော်ကျော်မျိုးမှ ကျွန်ုပ်၏မိတ်ဆွေထံ လွှဲပြောင်းရောင်းချရာ ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၀)**
**မြစ်လောင်းရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၂၅၉၂၂၄၃၂၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်နံပါတ်(၂၆-က/၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၀၆၈)ဧက အကျယ်အဝန်းရှိ ဦးတင်လှ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝင်းသူရထွန်း(ဘ)ဦးကျော်မြင့်(၉/ခမစ(နိုင်)၀၂၀၉၃၄)နှင့် ဒေါ်ခိုင်ခိုင်ဦး(ဘ)ဦးလှထွန်းဦး(၉/ခမစ(နိုင်)၀၇၈၄၈၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၂)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်အစွန်ဆုံး အခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သန်းနု(ဘ)ဦးချစ်လှိုင်(၉/မနတ(နိုင်)၀၈၃၉၉၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၄)၊ ဦးပိုင်နံပါတ်(၆၂-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးစံဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးအောင်ကျော်ဦး(ဘ)ဦးကြီး(၉/နထက(နိုင်)၁၁၆၅၄၆)နှင့် ဒေါ်သန်းပို(ဘ)ဦးပွေး(၅/မမန(နိုင်)၁၀၅၂၈၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၄)၊ ဦးပိုင်နံပါတ်(၄၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးစံဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အလယ်ခြမ်း ပေ(၂၇×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇင်ထွန်း(ဘ)ဦးဝင်းမြင့်(၅/အတန(နိုင်)၀၈၁၆၂၃) [၎င်း၏ကိုယ်စား ဦးမင်းထိန်(ဘ)ဦးညီမောင်(၁/မညန(နိုင်)၀၈၄၉၃၅)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၅)၊ ဦးပိုင်နံပါတ်(၂၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးချစ်ညွန့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဆီရွှင်ကျိန်း(ဘ)ဦးဆီရှောက်ရှိ(၁၃/တကန(နိုင်)၂၉၂၅၈၄) [၎င်း၏ကိုယ်စား ဒေါ်စန္ဒီဖြိုး(ဘ)ဦးဆီရှောက်မို(၁၃/တကန(နိုင်)၂၉၂၅၈၆)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၂)၊ ဦးပိုင်နံပါတ်(၃၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမိုတန်လာ အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မြင့်လွင်(ဘ)ဦးဒေဝီဒတ်(ခ)ဦးဇော်မင်း(၁၃/တကန(နိုင်)၂၁၀၉၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄)၊ ဦးပိုင်နံပါတ်(၁၂-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးဖြိုးဝေယံအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန္တာမြင့်(ဘ)ဦးမြင့်သန်း(၉/နထက(နိုင်)၀၀၁၈၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄)၊ ဦးပိုင်အမှတ်(၃၄)ခဲစင်းတောင်ခြမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၃၀လမ်းနှင့် ၁၃၁လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးကျော်ညွန့်(၉/အမရ(နိုင်)၀၃၈၃၁၀)၊ AE-၂၂၈၆၃၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၉၇/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးသန့်(၈/ပခက(နိုင်) ၁၁၈၀၇၂)က တောဂရန်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄)၊ ဦးပိုင်အမှတ်(၃၄)ခဲစင်းမြောက်ခြမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၃၀လမ်းနှင့် ၁၃၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ညွန့်(၉/အမရ(နိုင်)၀၃၈၃၁၀)၊ AE-၂၂၈၆၃၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၉၈/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အိမွန်(၉/ပကခ(နိုင်)၀၅၃၆၂၀)က တောဂရန်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် (၅၉၀/၅)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀ ဒသမ ၀၅၄)ဧက၊ ရန်-မန်းလမ်းဟောင်း အရှေ့ဘက်ရှိ မြေကွက်အား ဒေါ်ယဉ်ယဉ်စိန်(၉/မရမ(နိုင်)၀၃၇၅၈၁)က အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၁၀)၊ ၇၃လမ်းပေါ်၊ ၁၁၉လမ်းနှင့် ၁၂၀လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၂၉/၉၀-၉၁)အရ ဦးကျော်ညွန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၇၈၉၂၇)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ချိုချိုညွန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၇၈၉၅၅)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၈)၊ ဦးပိုင်အမှတ်(၅၀)မြေကွက်သည် ဦးဝင်းဦးအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေထဲရှိ မြောက်အစွန်ဆုံးခြမ်းပေ(၁၅×၄၅) အကျယ်အဝန်းရှိသောမြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ် မီတာအပါအဝင်ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မို့မို့ဝင်းနှင့် ဒေါ်ယမင်းကျော့တို့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ ထက်ဝက်ကျော်ဖြစ်သော ငွေကိုပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၁၁၃)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၈၃၄/၉၀-၉၁)အရ ဦးစံတင် မှတ်ပုံတင်အမှတ်(DI-၀၁၅၂၉၀) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ဒေါ်မိုးမိုးစံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၁၆၁၃၀၄)၊ ဒေါ်ဥမ္မာစံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၁၆၁၃၀၆)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၅)၊ ဦးပိုင်အမှတ်(၃၁+၃၂)၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြား၊ ၆၀ဘီလမ်းနှင့် ၆၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်မှူးကြီးကျော်ရင်(ကေတီအို-၀၂၅၇၀၊ ၁၂/လကန(နိုင်)၀၀၈၂၁၇)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၈၈/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်တင်နွယ်(၅/ဝသန(နိုင်)၀၀၅၇၉၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)၊ ဦးပိုင်အမှတ်(၉၃)၊ ၁၀၆လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဒေါ်တင်ဒွေးလွင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ခင်အေးမြင့်က တရားပြိုင် ဒေါ်တင်ဒွေးလွင်(၎င်း၏ SPရရှိသူ ဦးစိုးဦး)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ခင်အေးမြင့်(၁၂/မဂတ(နိုင်)၀၃၄၀၇၉)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၃၆+၃၇)ခဲစင်း၊ ၁၂လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင်(၁၃/ကခန(နိုင်)၀၃၀၁၄၉)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ်(၈၉)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ ဒေါ်ဓငြိမ်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမြင့်ဆိုင်က တရားပြိုင် ဒေါ်အေးညိမ်း(ခ)ဓငြိမ်း(ခ)အေးငြိမ်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၀၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမြင့်ဆိုင်(၉/မနတ(နိုင်)၀၆၂၉၀၈)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ကွင်းအမှတ်(၅၁၇)၊ အကွက်အမှတ် (ဒဒ-၁၆)၊ ဦးပိုင်အမှတ်(၂၈)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၃၂၃/၉၀-၉၁)အရ ဒေါ်ယဉ်ယဉ်မေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၅၁၆၈) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးအောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၅၄၁၁၇)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၁၁-ခ)၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ဆန်း(၅/အရတ(နိုင်)၀၀၀၅၇၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂)၊ ဦးပိုင်အမှတ်(၆၉)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၈၃၅၂/၉၃-၉၄)အရ ဗိုလ်ကြီးမောင်ချို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၀၉၆၉၈) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဗိုလ်ကြီးမောင်ချို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပသက(နိုင်)၀၀၉၆၉၈)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၁)၊ ဦးပိုင်အမှတ်(၃၅-ခ)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၂၀လမ်းနှင့် ၁၂၁လမ်းကြားရှိ ဒေါ်စိုးစိုးဝင်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်အိအိချော က တရားပြိုင် ဒေါ်စိုးစိုးဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၉၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အိအိချော(၁၃/ကခန(ပြု)၀၀၀၀၅၅)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၀)၊ ဦးပိုင်အမှတ်(၄၃+၅၈)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ အစ်မ ဒေါ်လှလှ (၉/ဝတန(နိုင်)၀၀၇၈၇၁)မှ ညီမအရင်းဖြစ်သူ ဒေါ်ငွေငွေဝင်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်အမှတ်(၄၀-ခ)မြေကွက်သည် ဦးမောင်အေးအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ တောင်ဘက်ခြမ်းပေ(၁၅×၄၀) အကျယ်အဝန်းရှိသောမြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ် မီတာအပါအဝင်ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးစိုးစိုးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကိုပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၀)၊ ဦးပိုင်အမှတ်(၃၉)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သူဇာဝင်း(၉/မနမ(နိုင်)၀၄၅၉၇၁)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးလှဝင်းအမည်ပေါက် တောဂရန် မြေကွက်အား၊ တရားလို ဦးဝင်းကိုအောင်က တရားပြိုင် ဦးလှဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၈၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးဝင်းကိုအောင်(၅/ဒပယ(နိုင်)၁၁၂၇၀၆)က တောဂရန်၊ တရားရုံးအမိန့်တို့ကို တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် မေ ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိုးကုတ်၊ သပိတ်ကျင်းဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသား ရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

o-o-o-o-o

## လာမည့် ရာသီ မြန်မာအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ရန်ကုန်ယူနိုက်တက်အသင်း စတင်ပြင်ဆင်



ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

ဘောလုံးရာသီမစတင်မီ နည်းပြချုပ် အပြောင်းအလဲပြုလုပ်ထားပြီး ငွေခေတ်မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးသန်းဝေက နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

လေ့ကျင့်ရေးအစီအစဉ်တွင် ခွဲစိတ်မှုကြောင့် အနားယူနေသည့် ယွန်းဝတီလှိုင်၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် လေ့ကျင့်လျက်ရှိသည့် နန်းစနေမ၊ ယုယုနိုင်၊ စုစုကြည်နှင့် ဇင်မိုးပြည့်တို့မှ လွဲ၍ ကျန်ရှိသည့် ကစားသမား ၁၉ ဦးနှင့် စတင်လေ့ကျင့်လျက်ရှိသည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းကို ၂၀၂၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၃ ဘောလုံးရာသီတွင် အဆင့် (၄)၊ ၂၀၂၄ ဘောလုံးရာသီတွင် အဆင့်(၂)၊ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် အဆင့်(၄)နေရာ ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းအနေဖြင့် လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်တွင်မှ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## ၂၀၂၇ အာရှဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်




ရီယာ့ဒ် မေ ၁၀

၂၀၂၇ အာရှဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို အိမ်ရှင်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပြီး အုပ်စုပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အုပ်စု(A)တွင် အိမ်ရှင် ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ အိုမန်၊ ပါလက်စတိုင်း၊ အုပ်စု(B)တွင် ဥဇဘက်ကစ္စတန်၊ ဘာရိန်း၊ မြောက်ကိုရီးယား၊ ဂျော်ဒန်၊ အုပ်စု(C)တွင် အီရန်၊ ဆီးရီးယား၊ ကာဂျစ္စတန်၊ တရုတ်၊ အုပ်စု(D)တွင် ဩစတြေးလျ၊ တာဂျစ်ကစ္စတန်၊ အီရတ်၊ စင်ကာပူ၊ အုပ်စု(E)တွင် တောင်ကိုရီးယား၊ ယူအေအီး၊ ဗီယက်နမ်၊ တတိယအဆင့်ခြေစစ်ပွဲ အုပ်စု(B) လက်ဘနွန်နှင့် ယီမင်တို့မှ အနိုင်ရရှိမည့်အသင်း၊ အုပ်စု(F)တွင် ဂျပန်၊ ကာတာ၊ ထိုင်း၊ အင်ဒိုနီးရှားတို့ အသီးသီး တွေ့ဆုံလျက်ရှိသည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင် ၂၄ သင်းဖြင့် လေးသင်းပါ အုပ်စုခြောက်စုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ ၂၀၂၇ အာရှဖလားပြိုင်ပွဲကို လာမည့် ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ကမ္ဘာ

## ယူအက်ဖ်စီ ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲတွင် ဂျိုရှုအာဗန်က ပြိုင်ဘက် တက်ဆူရိုတိုင်ရာကို အလဲထိုးဖြင့် အနိုင်ရရှိ

နေပြည်တော် မေ ၁၀

အမေရိကန်ပြည်ထောင်စု၌ ကျင်းပပြုလုပ်သည့် ယူအက်ဖ်စီ ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ချင်းလူငယ်ဖိုက်တာ ဂျိုရှုအာဗန်သည် ပြိုင်ဘက် ဂျပန်ကစားသမား တက်ဆူရိုတိုင်ရာကို ပဉ္စမအချီတွင် အလဲထိုး အနိုင်ယူပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။



ယနေ့ပွဲတွင် ဂျိုရှုအာဗန်အနေဖြင့် ပြိုင်ဘက်ဖြစ်သူ တက်ဆူရိုတိုင်ရာ၏ ချုပ်ကွက်များကို ရှန်းထွက်နိုင်ခဲ့ပြီး ၎င်း၏ အားပြင်းတိကျသော လက်သီးချက်များဖြင့် ပြိုင်ဘက်ကို ဖိအားပေးထိုးသတ်ကာ ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အသက် ၂၄ နှစ်အရွယ် ဂျိုရှုအာဗန်သည် ပဉ္စမအချီ ပြီးဆုံးရန် ၁ မိနစ် ၃၂ စက္ကန့် အလိုတွင် ပြိုင်ဘက်ကို အလဲထိုးအနိုင်ယူခဲ့ကာ ချန်ပီယံခါးပတ်ကို ပထမဆုံးအကြိမ် ကာကွယ်နိုင်ခဲ့သည်။

ယူအက်ဖ်စီတွင် ဒုတိယအသက်အငယ်ဆုံး ချန်ပီယံ ဂျိုရှုအာဗန်အနေဖြင့် လက်ရှိတွင် ၁၁ ပွဲ ထိုးသတ်ထားပြီး ၁၀ ပွဲနိုင်၊ တစ်ပွဲရှုံး မှတ်တမ်းကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်း သိရသည်။

(NGB)

o-o-o-o-o